


# နှောက်တုန်းကဟာတွေ မအောက်မေ့နဲ့

ဟောကြားသည့်နေ့

(၂၀-၁၂-၆၀)

၁၅၈

ကျေးဇူးတော်ရှင်မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၃၄) မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၌ဟောကြားဆုံးမတော်မူသောတရားတော်

# နောက်တွန်းက ဟာတွေ
# မအောက်မေ့နဲ့

ဟောကြားသောနေ့ (၂၀-၁၂-၁၉၆၀)

စာမူခွင့်ပြုချက် အမှတ် - ၂၄/၉၇ (၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၅/၉၅ (၆)

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဦးဝင်းအောင် (မြ ၀၅၁၃၁)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# နောက်တွန်းကဟာတွေ မအောက်မေ့နဲ့

ဟောကြားသည့်နေ့ (၂၀-၁၂-၆၀)

သာသနာတစ်ခွင်လုံးမှာ ဘုရားအဆူဆူနဲ့လွဲ၊ တရားပွဲအမျိုးမျိုးတွေနဲ့ မကြုံတာ၊ ဒီနိဗ္ဗာန တရားငါးပါး၏ ကာကွယ်မှုပဲလို့ ဒကာဒကာမတွေ မှတ်မိကြပြီ . . . (မှတ်မိပါပြီဘုရား)။

## နိဝရဏတရားငါးပါး

သံသရာ တစ်ခွင်လုံးမှာ ဘုရားအဆူဆူနဲ့ လွဲ၊ တရားပွဲအမျိုးမျိုးတွေနဲ့ မကြုံတာ ဘယ်သူပိတ်ပင်ထားတယ်ဆိုတာ

ပေါ်ကြရောပေါ့ . . . (ပေါ်ပါပြီ) ဘယ်သူပါလိမ့် . . . (နီဝရဏ ငါးပါးပါဘုရား)။

နီဝရဏတရားငါးပါးလို့ ဒကာကြွယ်တို့ ဒကာသစ်တို့ ဦးလှဘူးတို့က မှတ်ထားလို့ရှိရင်၊ ဩော် - ဒါ မသိမ်းတတ် မဆည်းတတ် မရှုတတ် မမှတ်တတ်တာနဲ့၊ ဘုရားအဆူဆူနဲ့ လွဲ၊ တရားပွဲ အမျိုးမျိုးနဲ့ မကြုံဘဲနဲ့ ဒုက္ခပင်လယ်ဝေပြီး သကာလ နေခဲ့ရတဲ့အဖြစ်တွေဟာ၊ ဒီတရားငါးခုကို ဖယ်နည်း ရှားနည်း နိဿရည်းကို မရကြလို့ဘဲဆိုတာ သေသေချာချာ မှတ်ပါ . . . (မှန်ပါ့ဘုရား)။

## ကာမစ္ဆန္ဒနီဝရဏဆိုတာ လောဘ

ကာမစ္ဆန္ဒနီဝရဏ ဆိုတာ လောဘနော် . . . (မှန်ပါ့ဘုရား) လောဘနောက် လိုက်နေလို့ရှိရင်လဲ ဘုရားပွင့်လဲ သူနဲ့ မဆိုင်ဘူး . . . (မှန်ပါ့)၊ တရားတွေ သစ္စာတရားတွေ ဟောနေပြန်လဲ (သူနဲ့ မဆိုင်ပါဘူးဘုရား)။

အဲ-အဲဒါကြောင့် လောဘဟာလဲ၊ လောဘကိစ္စ လိက်စားနေတဲ့ပုဂ္ဂိုလ်ဟာလဲ ဘုရားအဆူဆူနဲ့ လွဲ၊ တရားပွဲ အမျိုးမျိုးနဲ့ မကြုံဆိုတာ ဒီတရားက တားတာပဲဆိုတာ ပေါ်လာပြီ . . . (ပေါ်လာပါတယ်ဘုရား)။

## ဗျာပါဒနီဝရဏဆိုတာ ဒေါသ

ဗျာပါဒ နီဝရဏဆိုတာ မိမိတို့ နေရာ အစားပေါ်မှာ အဝတ်ပေါ်မှာ အလိုမကျ၊ သားသမီးနှင့်တကွ အိမ်ရာ တိုက်တာပေါ်မှာ အလိုမကျ၊ အဲဒီဒေါသ အလိုမကျ နေပြန်လို့ရှိရင်လည်းတဲ့၊ ဘယ်မှာ ဘုရားပွင့်လည်း မသွားဖြစ် တရားပွဲနဲ့လည်း ကြုံအောင် ကိုယ်ကလည်း မဆုံအောင် လွဲဖယ်အောင်နေသည်ဖြစ်လေသောကြောင့်၊ တစ်သံသရာလုံးမှာ သူကလည်း အံတားသမားသက်သက်ပဲဆိုတာ. ဒကာဒကာမတွေက မှတ်ရမယ်. . . (မှန်ပါ့)။

## ထိနမိဒ္ဓဆိုတာ ငိုက်မျဉ်းတာ

ဒေါသလဲ အတားသမား၊ နီဝရဏတရားလို့ မှတ်လိုက်ကြစမ်းပါ . . . (မှန်ပါ့)၊ ထိနမိဒ္ဓဆိုတာက စားပြီး သောက်ပြီးတယ်ဆို ငိုက်တယ်မျဉ်းတယ်ဆိုပြန်တော့ ဘုရားတွေ ဘယ်လိုပွင့်ပြီးသကာလနေစေကာ သူမသွားဖြစ်ဘူး၊ မသွားဖြစ်ဘူး။

သူ့အလို လိုက်နေရတာနဲ့ တရားတွေ ဘယ်လိုဟောပြီး နေကြငြားသော်လည်း၊ အိပ်ချင်တာနဲ့ အိပ်ပြီး သကာလအိပ်ပွဲနွှဲနေရတာနဲ့၊ ဘုရားသာ ပရိနိဗ္ဗာန်စံ တရားပွဲ တွေသာသိမ်းသွားတယ်၊ သူ့အရေး ဘာမှမပါတော့ သူတား တာပဲ၊ ထိနမိဒ္ဓတားတာပဲဆိုတာ ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

## ဥဒ္ဒိစ္စကုက္ကုစ္စနိဝရဏဆိုတာ

ကောင်းပြီ ဒါဖြင့် ဥဒ္ဒစ္စ ကုက္ကုစ္စ နီဝရဏဆိုတာ သူတို့က နှစ်ခုတွဲလို့ရှိရင် နှစ်ခုတွဲတာလို့သာ မှတ်ပေတော့ . . . (မှန်ပါ့ဘုရား) ဒါဖြင့် ဒီနေ့ တရားပွဲမှာ ဥဒ္ဒစ္စတော့ဖြင့် ပြောပြီးပါပြီ . . . (မှန်ပါ့)။

ကုက္ကုစ္စ နီဝရဏကို အဇာတသတ်ကို ဘယ်လိုဟောပါ သတုံးဆိုလို့ရှိရင်ဖြင့် '**ဥဒ္ဒစ္စ ကုက္ကုစ္စ ဒါသီယာ**' ကျွန်သပေါက် သွင်းတဲ့တရား၊ ကျွန်သပေါက် သွင်းတဲ့တရားဆိုတော့ ဒကာ ဒကာမတွေ လွတ်လပ်ရေး ကိုယ်ပိုင် အလုပ်ကို ပေးတဲ့အလုပ် မဟုတ်ဘူးပေါ့ . . . (မှန်ပါ့)။

လွတ်လပ်ရေးလဲ မပေးပါဘူး . . . (မှန်ပါ့) ကိုယ့်ဟာ ကိုယ် ချွန်နိုင်တဲ့အလုပ်မျိုးကော . . . (မပေးပါဘူးဘုရား)။

အဲဒါ ဥဒ္ဒစ္စလို့ မှတ်ထားလိုက်စမ်းပါဆိုတော့ ဒါဖြင့် ယနေ့ ဥဒ္ဒစ္စပြီးတော့ ဒကာဒကာမတို့ ကုက္ကုစ္စပဲ ရှင်းပြပါမယ် . . . (မှန်ပါ့)။

## ကုက္ကုစ္စဆိုတာ

**ကုစ္ဆိတံ ကတံ ကုကတံ၊ ကုစ္ဆိတံ** - စက်ဆုပ်အပ် သည်ကို၊ **ကတံ** - ပြုသော တရားသည်၊ **ကုကတံ** - စက်ဆုပ် အပ်သော တရားကို ပြုတတ်တယ်၊ စက်ဆုပ်အပ်တဲ့ တရားကို

ပြုတတ်ပါတယ်တဲ့ ဒကာကြွယ်တို့ မှတ်ထားရမယ် . . . (မှန်ပါ့)။

ဘယ်လောက် စက်ဆုပ်စရာကောင်းတုံးလို့ မေးတဲ့အခါကျလို့ရှိရင်ဖြင့်တဲ့၊ တကယ်ချမ်းသာရေး၊ ချမ်းသာအနှစ်အရသာနှင့် ပြည့်စုံတဲ့ နိဗ္ဗာန်ကြီး၊ ဒကာဒကာမတွေ ဒုက္ခချုပ်သိမ်း ငြိမ်းတဲ့ နိဗ္ဗာန်ကြီး၊ အပူအလောင်တွေမှာလဲ အကုန်သိမ်း၊ အေးချမ်းတဲ့နိဗ္ဗာန်ကို သူတစ်ခါတည်း ကုစ္ဆိတံ ကတံ - စက်ဆုပ်ဖွယ်ရာအဖြစ်နဲ့ တစ်ခါတည်း ပင်ကိုယ်ကလည်း စက်ဆုပ်စရာ တရား၊ စက်ဆုပ်ဖွယ်ရာ အလုပ်ပဲ လုပ်နေတာနဲ့ ကျုပ်တို့မှာတဲ့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်ကြီးနဲ့ အလွဲကြီး လွဲရတယ်၊ အင်း - သူက စက်ဆုပ်ဖွယ်ရာ အလုပ်ကို လုပ်နေသောကြောင့် သူ့ ကုက္ကုစ္စလို့ မှတ်လိုက်ကြစမ်းပါ . . . (မှန်ပါ့)။

ကုက္ကုစ္စဆိုတာ ဘာလုပ်တတ်ပါလိမ့် . . . (စက်ဆုပ်စရာကို လုပ်တတ်ပါတယ်ဘုရား) စက်ဆုပ် ရွံရှာဖွယ် အလုပ်ကို လုပ်တတ်သောကြောင့် ကုက္ကုစ္စလို့ မှတ်ပါ . . . (မှန်ပါ့)။

**ကုစ္ဆိတံ ကတံ ကုကတံ၊ ကတာ ကတ ဒုစ္စရိတ သုစရိတံ** တဲ့။ အဋ္ဌကထာ ဆရာများက ပြုပြီးသား ဒုစရိုက်တွေ မပြုသေးတဲ့ သုစရိုက်တွေ သူက တောင့်တနေတယ် . . . (မှန်ပါ့)။

ပြုပြီးသား ဒုစရိုက်တွေ တွေးပြီး သောကဖြစ်နေတယ်၊ သဘောကျပလား . . . (ကျပါတယ်ဘုရား)၊ မပြုရသေးတဲ့ ကောင်းတဲ့တရားတွေလဲ မပြုရသေးလို့ သောကဖြစ်နေတယ် (မှန်ပါ့)၊ ဒကာသစ် ဘယ်နှစ်ချက်ပါလိမ့် . . . (နှစ်ချက်ပါ ဘုရား) ပြုပြီးသား ဒုစရိုက်အတွက်ကျတော့ သောကဖြစ်နေ . . . (မှန်ပါ့)။

## မပြုသေးတဲ့ သုစရိုက်အတွက်သောကဖြစ်နေတယ်

မပြုသေးတဲ့ သုစရိုက်အတွက်တွေ . . . (သောကဖြစ်နေပါတယ်ဘုရား) ဒကာဒကာမတွေ ဒါ သေသေချာချာ မှတ်ပါနော်။

စက်ဆုပ်ဖွယ် တရားက ဘယ်လို လုပ်နေတတ်တယ် ဆိုတာ ခန္ဓာထဲမှာ စဉ်းစားပါ . . . (မှန်ပါ့) ပြုပြီးသား မကောင်းမှုတွေကျတော့ သူက မကောင်းမှုတွေ ပြုခဲ့လေခြင်း ဆိုပြီး သောကလာတယ် . . . (မှန်ပါ့)။

ကောင်းမှုတွေကျတော့လဲ မပြုရလေခြင်းဆိုပြီး သောက ဖြစ်နေတယ် . . . (မှန်ပါ့) မကောင်းမှုကြောင့်လဲ သူက ဘာဖြစ်နေတုံး . . . (သောကဖြစ်နေပါတယ်ဘုရား)။

ကောင်းမှုတွေကြောင့်လဲ . . . (သောကဖြစ်နေပါတယ်ဘုရား) ကောင်းမှုလုပ်ဖြစ်တာလား၊ မလုပ်ဖြစ်လို့

သောကရောက်တာလား . . . (မလုပ်ဖြစ်လို့ သောကရောက်တာပါဘုရား)။

ဒါဖြင့် သောကတစ်လုံးတည်းဟော့ . . . (မှန်ပါ့) ဒါဘာခေါ်ကြမယ် . . . (ကုက္ကုစ္စပါဘုရား) သောကတစ်လုံးတည်းကို ချုံးခေါ်လိုက်တဲ့ အခါကျတော့ ကုက္ကုစ္စ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား) သောကတစ်လုံးကို ချုံးခေါ်လိုက်တဲ့အခါကျတော့ . . . (ကုက္ကုစ္စပါဘုရား)။

## ပြုပြီးသားဒုစရိုက်ကို စိုးရိမ်နေတယ်

အေး - ဒါကြောင့် ဘုန်းကြီးက ဒကာဒကာမတွေမှာ ပြုပြီးသား ဒုစရိုက်တွေကိုလည်း တွေးတဲ့စိတ်လာလို့ရှိရင် ဩော် - ငါ ကုက္ကုစ္စဖြစ်နေပါပေါ့လားလို့ သိလိုက်ပါ . . . (မှန်ပါ့)။

မပြုရသေးတဲ့ ကျောင်းဆောက် ဘုရားတည် သူတော်ကောင်းအလုပ် ဥပုသ်စောင့်တဲ့အလုပ်တွေ မလုပ်ရသေးတာကိုလည်း၊ မလုပ်သေးတာကို သွားတွေး မနေပါနဲ့တဲ့၊ မလုပ်ရသေးတဲ့ သောကဖြစ်နေတာ . . . (မှန်ပါ့) ဝမ်းထဲက သောက၊ အဲ့ဒီသောကကို ပေါင်းခေါ်ရင် ဘယ်လိုဆိုကြမယ် . . . (ကုက္ကုစ္စပါဘုရား)။

အဲ-ဒါဖြင့် ကုက္ကုစ္စဟာ ဒကာသစ်တို့၊ ဒကာကြွယ်တို့ ဦးလှဘူးတို့ ပြုပြီးသား အကုသိုလ်အတွက် သူသောကဖြစ် တယ်၊ မပြုရသေးတဲ့ ကုသိုလ်အတွက်လဲ . . . (သောက ဖြစ်ပါတယ် ဘုရား) သောကတစ်ပုံးတည်းပဲတဲ့ဗျာ၊ အကုသိုလ်တရားပဲ အဲ့ဒါ ဘာခေါ်ကြမယ် . . . (ကုက္ကုစ္စပါဘုရား)။

အေး -ဒါကြောင့် **ကုစ္ဆိတံ ကတန္တိ ကုကတံ၊ ကတာကတ ဒုစ္စရိတသုစရိတံ၊ အကတမ္ပိ ကုကတမ္ပိ ဝုစ္စတိ။** လို့ ဆိုလိုက်တယ်တဲ့၊ ဋီကာကျော်ဆရာက အကတမ္ပိ- မပြုအပ် သေးသော တရားကိုလည်း၊ ကုကတံ - ကုကတပဲ၊ မပြုရ သေးတဲ့ ကုသိုလ်တွေကို သောကဖြစ်နေလဲ ကုက္ကုစ္စပဲ . . . (မှန်ပါ့)။

## သောကဖြစ်နေလဲ ကုက္ကုစ္စပဲ

ယံ - အကြင်အမှုကို၊ မယာ - ငါသည်၊ အကတံ - မပြုရသေး၊ တံ - ထို မပြုရသေးတဲ့ တရားသည်၊ ကုကတံ - ကုကတပဲတဲ့ . . . (မှန်ပါ့) အကြင်အမှု မပြုရသေးဘူးလို့ သောက ဖြစ်နေလဲ ကုက္ကုစ္စပါပဲ၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

ပြီးတော့ **ကတာ ကတ ဒုစ္စရိတ သုစရိတံ အာရဗ္ဘ ပဝတ္တော ဝိပ္ပဋိ သာရိနော။** ဒီပြုပြီးသား ဒုစရိုက်, မပြုရသေးတဲ့ သုစရိုက်တွေကိုတဲ့။

ကတာ ကတ ဒုစ္စရိတ သုစရိတံ ပဝတ္တော ဝိပ္ပ ဋိသာရော နှစ်လုံးမသာယာခြင်းဖြစ်တာပါပဲ . . . (မှန်ပါ့) ဒုစရိုက်တွေ ပြုမိတဲ့အတွက် စိတ်ထဲ မသာယာဘူးပေါ့ဗျာ၊ စိတ်ထဲသောက ဖြစ်နေတယ်၊ သုစရိုက်တွေ ကောင်းတဲ့ အလုပ်တွေ မလုပ်မိတဲ့ အတွက်လဲ သောကဖြစ်နေတယ် . . . (မှန်ပါ့) သဘောကျ ပလား . . . (ကျပါတယ်ဘုရား)။

အဲ-အဲဒါဘာခေါ်ကြမယ် . . . (ကုက္ကုစ္စပါဘုရား) အေး-ဒါကြောင့် ကုက္ကုစ္စ ယနေ့ ရှင်းရှင်းပြောနေတယ်၊ ဒကာ ဒကာမတွေ သတိထားပါ . . . (မှန်ပါ့) ပြု'ြီးသား ဒုစရိုက်တွေကိုလဲ စိုးရိမ်နေလို့ရှိရင် . . . (ကုက္ကုစ္စပါဘုရား) မပြုသေးတဲ့ ကုသိုလ်အလုပ်တွေ၊ မပြုရသေးဘူးလို့ ပူပန် နေရင်လဲ . . . (ကုက္ကုစ္စပါဘုရား)။

## ပူပန်တာချည်းလမ်းဆုံးတယ်

အင်း - အသံကတော့ ကုသိုလ် ဒကာသစ်ရေ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား) ဒါဖြင့် ပြုပြီးသား အကုသိုလ် ပူပစ်တာ ဘာခေါ်ကြမယ် . . . (ကုက္ကုစ္စပါဘုရား)၊ မပြုရသေးတဲ့ ကုသိုလ်တွေအတွက် ပူပန်တာကော . . (ကုက္ကုစ္စပါဘုရား) ဒါဖြင့် သူ့ဟာက ပူပန်တာချည်း လမ်းဆုံးတယ် . . . (မှန်ပါ့)။

ဒကာကြွယ် ဘယ်လမ်းဆုံးပါလိမ့် . . . (ပူပန်တာ လမ်းဆုံးပါတယ်ဘုရား) ပူပန်တာတွေချည်း သွားပြီး လမ်းဆုံးတဲ့ အတွက်တဲ့ သူက ကုဋ္ဋကျစ္စဆိုတဲ့ သောက ဖြစ်နေတယ်ဆိုတာ သေသေချာချာမှတ်ပါ . . . (မှန်ပါ့)။

နှလုံးမသာယာတဲ့ သောက ဝိပ္ပဋိသာရ နှလုံး မသာယာမှု ဖြစ်ပါတယ်၊ ဒါ ဘာခေါ်ကြမယ် . . . (သောကပါ ဘုရား) ကုဋ္ဋကျစ္စဆိုတာ ဒကာဒကာမတို့ ဒီကုဋ္ဋကျစ္စကို ခင်ဗျား တို့ ဘယ်လိုလုပ်မှ တော်မယ်ဆိုတဲ့ ဥစ္စာကိုလဲ ဘယ်လို ဖယ်ရှား ရမယ်ဆိုတာလဲ ဒီကုဋ္ဋကျစ္စသာ ပေါ်နေလို့ရှိရင် ဒကာသစ်ရေတဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကျွန်သပေါက်အဖြစ်ပဲ . . . (မှန်ပါ့)။

## ကျွန်သပေါက်ဖြစ်နေတဲ့သူ

ကျွန်သပေါက်ဆိုတာ ကိုယ်ရေးကိုယ်တာ လုပ်နိုင် သေးရဲ့လား . . . (မလုပ်နိုင်ပါဘုရား) အင်း-အိမ်ရှင်၏ အရေးကို မျက်နှာလိုက်၊ အကြိုက်လိုက်ပြီး လျှောက်လုပ်နေ ရတယ် . . . (မှန်ပါ့) အင်း-ကိုယ့်အရေးလုပ်ဖြစ်ကဲ့လား . . . (မလုပ်ဖြစ်ပါဘုရား)။

သခင်၏ အရေးကိုသာ . . . (လုပ်ရပါတယ်ဘုရား) အဲ ကျွန်သပေါက်ဖြစ်နေတဲ့ သူ၏ ထုံးတမ်းလို့ ဆိုလို့ရှိရင်

လွဲပါ့မလား . . . (မလွဲပါဘုရား)၊ ထို့အတူပဲ ကုက္ကုစ္စ လာလို့ရှိရင် သူ့ဟာသူ ပြုပြီးသား ဒုစရိုက် သူ့ဟာသူတွေးတယ် . . (မှန်ပါ့)။

မပြုရသေးတဲ့ ကုသိုလ်အလုပ်တွေ၊ မပြုလုပ်ရသေးလို့ ဆက်တွေးတယ်၊ သဘောကျပလား . . . (ကျပါပြီဘုရား) ဒါဖြင့် သူမင်္ဂဖိုလ်အလုပ်လုပ်ဖြစ်သေးရဲ့လား . . . (မလုပ် ဖြစ်ပါဘုရား)။

ဒါဖြင့် သူ့အရေး သူမလုပ်ဖြစ်သောကြောင့် ခုနက အကုသိုလ်ခိုင်းတဲ့အရေး သူလုပ်တယ် . . . (မှန်ပါ့) သောက ခိုင်းရင် မပြုရသေးတဲ့ သုစရိုက်တွေလဲ ပူပန်ရ၊ ပြုပြီးသား ဒုစရိုက်တွေလဲ ပူပန်ရဆိုတော့ သူဟာ ကျွန်အလုပ်သာ လုပ်နေရ။

## ထွက်ရပ်လမ်းအလုပ် မလုပ်ဖြစ်ဘူး

အပါယ်ရောက်ဖို့ အလုပ်သာလုပ်နေရတယ်၊ ထွက်ရပ်လမ်းဖြစ်တဲ့ ကိုယ်ပိုင်အလုပ် လုပ်ဖြစ်သေးရဲ့လား . . . (မလုပ်ဖြစ်ပါဘုရား) ဒါဖြင့် 'ဥဒ္ဓစ္စ ကုက္ကုစ္စ ဒါသိယာ' ဆိုတဲ့ဥစ္စာ ကိုက်သွားပြီ . . . (မှန်ပါ့)။

ဥဒ္ဓစ္စ ကုက္ကုစ္စသာ ရှိနေလို့ရှိရင် ကျွန်အလုပ်သာ လုပ်ဖြစ်တော့တယ်၊ ကိုယ့်အရေး ဘာမှ မလုပ်ဖြစ်တော့ဘူးကွ အဇာတသတ်ရ၊ ဘုရားက မေးနေတယ် . . . (မှန်ပါ့) မဆိုးဘူးလား (ဆိုးပါတယ်ဘုရား)။

အေး-ဒါကြောင့် ဒကာဒကာမတွေ၊ ဒီလိုတရားမျိုး ကြားလဲကြားရခဲတယ် . . . (မှန်ပါ့)၊ ကြားလဲ ကြားရခဲတယ် ဆိုတဲ့ဥစ္စာက၊ ပြုပြီးသား ဒုစရိုက်တွေကလဲ အရေးရှိပြန်ပြန် တွေးတယ်. . . (မှန်ပါ့)။

နောက် "မထူးပါဘူးကွာ၊ အပါယ်ကျလဲ ကျပါ စေတော့ တရားလဲ မနာတော့ပါဘူး၊ တရားလဲ အားမထုတ် တော့ပါဘူး၊ ငါပြုထားတဲ့ အကုသိုလ်တွေကလဲ နည်းတာ တွေမှ မဟုတ်ဘဲ" ဆိုပြီးသကာလ အားမထုတ်ဘဲ နေလိုက်တော့ ကိုယ့်အရေး လစ်ဟင်းမသွားဘူးလား . . . (လစ်ဟင်း သွားပါတယ်ဘုရား)။

## ဝိပဿနာလုပ်ရင် အပြစ်ကျွတ်လွတ်တယ်

ဒီအပြစ်ဟာ ဘာပြောပလောက်တာမှတ်လို့ ပဋ္ဌာနန္တ ရိယကံမှ မဟုတ်ဘဲ၊ ဝိပဿနာလုပ်လိုက်ရင် ကျွတ်လွတ်ပြီး နိဗ္ဗာန်ရောက်သွားတဲ့ အလုပ်မျိုးကို၊ အကုသိုလ်တွေက အများကြီး မထူးပါဘူးကွာ၊ သန်းခေါင်အပြင် ညဥ့်မနက်ပါဘူး ဒီလိုရင်လဲ လာတတ်တယ် . . . (မှန်ပါ့) မလာတတ်ဘူးလား . . . (လာတတ်ပါတယ်ဘုရား)။

အဲဒီကဲ့သို့ ဘုန်းကြီးတို့ ဒကာဒကာမတွေထဲမှာ ပဋ္ဌာ နန္တရိယကံ လွတ်ခဲ့လို့ရှိရင်ဖြင့် ဘာမှ ပူစရာမရှိဘူး၊ အခု

ဆရာသမားနဲ့ ဘုရားဟောထားတဲ့ အလုပ်ကိုသာလုပ် အဲဒါတွေ အကုန်ပျောက်ပျက်သွားတာပဲ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

"မမှားသောရှေ့နေ မသေသောဆေးသမား မရှိပြား" ဆိုတဲ့ လောကပုံပြင်ရှိသလို မည်သူမဆို ငယ်တုန်းကတော့ဖြင့် မိုက်ခဲ့၊ တေခဲ့၊ မူးခဲ့၊ ရူးခဲ့တာတွေ ရှိကြတာပဲ . . . (မှန်ပါ့) မရှိကြဘူးလား . . . (ရှိကြပါတယ်ဘုရား)။

## နောက်တုန်းက ဟာတွေ အောက်မေ့မနေနဲ့

ပြန်အောက်မေ့မနေနဲ့တဲ့၊ နောက်ဟာတွေ ပြန်အောက်မေ့မနေပါနဲ့၊ ကိုယ်လုပ်ရမယ့် ဆရာသမားပေးတဲ့ အလုပ် ဘုရားပေးတဲ့ အလုပ်၊ ကိုယ်ပိုင်အလုပ်ကို ဘုရားက ဆရာသမား ပေးနေတာကို ဒကာသစ် မလုပ်ဖြစ်ရင် ခက်မယ်။

အဲဒါ ကျွန်စိတ်ပေါက်တာလို့ မှတ်လိုက်စမ်းပါ . . . (မှန်ပါ့) ယနေ့ကစပြီး ဘုန်းကြီးတို့ ဒကာဒကာမတွေ၊ အကြီးအကျယ်သတိပေးလိုက်ပါတယ်၊ ကိုယ်ပြုပြီးတဲ့ ဒုစရိုက်လုံးလုံးမတွေးနဲ့ . . . (မှန်ပါ့ဘုရား)။

မပြုရသေးတဲ့ သုစရိုက်တွေလဲ မတွေးပါနဲ့ မတွေးပါနဲ့ အခု လုပ်စရာရှိတဲ့ ဝိပဿနာအလုပ်သာလုပ်ပါ၊ မပြုသေးတဲ့

သုစရိုက် အလုပ်ထလုပ်ပြန်တာပေါ့၊ တွေးတောမနေနဲ့ . . . (မှန်ပါ့) ဒါဖြင့် သဘောပါပလား . . . (ပါ-ပါတယ်ဘုရား)။

ဒါဖြင့် တော်တော်တော့ဖြင့် လုံလောက်ပြီလို့ ထင်တာပဲ ဒကာဒကာမတွေ လုပ်လို့ ရလောက်ပလားလို့ ဆိုတာကိုလဲ စစ်ဆေးပါဦး . . . (မှန်ပါ့)။

ဒါက ဘယ့်နှယ်ကြောင့် ဆရာဘုန်းကြီးက တွင်တွင် ကျယ်ကျယ်နဲ့ ထပ်ပြန်တလဲလဲ ပြောဟောဆုံးမပြီးသကာလ ဦးလှဘူး နေပါလိမ့်မလဲဆိုရင် သူက ကျွန်စိတ်ပေါက်တဲ့စိတ်၊ အရေးကြုံရင် သူက လာလာဆို့နေတယ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

အရေးကြုံရင် . . . (သူက လာလာဆို့နေပါတယ် ဘုရား) သူက လာလာပြီး မင်္ဂလာဖိုလ်တားအဖြစ် လာပြီး သကာလ ကန့်လန့် လာလုပ်နေတယ် . . . (မှန်ပါ့)။

## ဘုန်းကြီးသတိပေးနေပါတယ်

ဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ၊ အကြီး အကျယ်ပဲ သတိပေးနေပါတယ် . . . (မှန်ပါ့) ကိုယ်ပြုထားတဲ့ အကုသိုလ်တွေ ဘယ်လိုမှ မအောက်မေ့နဲ့။

ကိုယ်ပြုထားတဲ့ အကုသိုလ်တွေ . . . (ဘယ်လိုမှ မအောက်မေ့ရပါဘုရား) မပြုရသေးတဲ့ ကုသိုလ်တွေကိုလဲ

မပြုရသေးလို့ဆိုပြီး ကုသိုလ်ရတယ်ထင်ပြီးများ ဒကာကြွယ် တို့က မအောက်မေ့လိုက်နဲ့၊ လုပ်ချင်ရင်တော့ ထလုပ်၊ နို့မို့လို့ရှိရင် လုပ်ဖြစ်တာလဲ မဟုတ်ဘဲနဲ့ သောကဖြစ်နေမယ် . . . (မှန်ပါ့ဘုရား)။

**"သောကောတိ ဒေါသော"** ဆိုတဲ့အတိုင်း ဒေါသ အနုစား ဖြစ်နေတာ . . . (မှန်ပါ့) ခင်ဗျားတို့က ကုသိုလ် ရတယ် ထင်နေတယ် စင်စစ်ဖြစ်နေတာက . . . (သောကပါ ဘုရား)။

သောကဆိုတာ ဒေါသ အနုစား . . . (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား) ဒါဖြင့် ဒါတွေးကောင်း၊ မတွေးကောင်း စဉ်းစားစမ်း . . . (မတွေးကောင်းပါဘုရား)။

မတွေးကောင်းလို့ ဘုရားက ဥဒ္ဓစ္စ ကုက္ကုစ္စ ဒါသိယာ လို့ ဟောတာပဲ . . . (မှန်ပါ့) ဥဒ္ဓစ္စနဲ့ ကုက္ကုစ္စ တစ်ခုခုရှိနေရင် ကျွန်စိတ်ပေါက်နေတာကွ - တဲ့။

## နိဝရဏဟာမင်္ဂလာဖိုလ်နိဗ္ဗာန်တားတယ်

ဒါကြောင့် နီဝရဏတရားတဲ့၊ မင်္ဂလာတားတယ်၊ ဖိုလ်တားတယ်၊ နိဗ္ဗာန်တားတယ် . . . (မှန်ပါ့) သဘောပါ ပလား . . . (ပါ-ပါတယ်ဘုရား) ကဲ-ဒီဥစ္စာ တွေးကောင်း မတွေးကောင်း . . . (မတွေးကောင်းပါဘုရား)။

ဒါဖြင့် အခုအလုပ်မှာ လာပြီး ကန့်ကွက်တယ် မကန့်ကွက်တယ်ဆိုတာလဲ ဒကာကြွယ် ဒကာသစ်တို့ ဦးလှဘူးတို့ စဉ်းစားမိပါပြီ . . . (မှန်ပါ့)။

ဝိပဿနာအလုပ် ကန့်ကွက်တယ် - မကန့်ကွက်တယ် စဉ်းစားစမ်း . . . (ကန့်ကွက်ပါတယ်ဘုရား) မလုပ်သေးတဲ့ ကုသိုလ် အဲ့ဒီ ဝိတက်ကလေး ကျုပ်တို့ ဝင်နေသေးတယ်လို့ မြို့သုံးသုံးပြီးသကာလ လာသေးတယ် . . . (မှန်ပါ့)။

အခုလိုဆိုတော့ မှားကုန်ပြီ . . . (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား) ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ ပြုအပ်ပြီးသော ဒုစရိုက်ကိုလဲ ပြန်မတွေးပါနဲ့ . . . (မှန်ပါ့) မပြုလုပ်ရသေးတဲ့ သုစရိုက်တရားတွေကိုလဲ . . . (ပြန်မတွေးရပါ ဘုရား) ပြန်တွေးမနေနဲ့၊ တွေးရင် ဘာဖြစ်မတုံး . . . (သောက ဖြစ်ပါတယ်ဘုရား)။

သောကဆိုရင် ဘာတရားလို့ ဆိုမတုံး . . . (ကုက္ကုစ္စ တရားလို့ ဆိုပါမယ်ဘုရား) ကုက္ကုစ္စဆိုတော့ အခုပြတဲ့ တရားထဲမှာ နီဝရဏ . . . (မှန်ပါ့)။

နီဝရဏဆိုတာ ဘာဖြစ်တဲ့ တရားပါလိမ့် . . . (မဂ်တား၊ ဖိုလ်တား၊ နိဗ္ဗာန်တားပါတယ်ဘုရား) မဂ်၊ ဖိုလ်၊ နိဗ္ဗာန်တားတဲ့ တရား . . . (မှန်ပါ့) ကဲ-ဒကာကြွယ် ဒါလောက် ဆို သေချာပြီ (သေချာပါပြီဘုရား) သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒါကြောင့် ဋီကာကျော် ဆရာက **ကတာကတာ ဒုစ္စရိတ သုစရိတံ အာရဗ္ဘ ပဝတ္တော ဝိပ္ပဋိသာရ် စိတ္တုပ္ပါဒေါ ကုက္ကုစ္စံ . .** (မှန်ပါ့) ပြုပြီးသော ဒုစရိုက်၊ မပြုလုပ်ရသေးတဲ့ သုစရိုက် တရားတွေကို သူဟာ သောကဖြစ်နေသောကြောင့် ဒါ ကုက္ကုစ္စကွ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ကိုင်း ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ ယခု မပြုသေးတဲ့ အကုသိုလ်နေပါစေတော့၊ ပြုပြီးသားဖြစ်လို့ ရှိရင်လဲ မလာစေနဲ့ . . . (မှန်ပါ့)။

ကွာ ငါတရားတော့ နာချင်ပါရဲ့ ငါ့အလှူလေးက ပေးစရာရှိသေးတယ်၊ အဲဒီဟာလေးက မပြီးသေးတော့ ငါခက် နေသေးတယ် . . . (မှန်ပါ့)။

အဲဒါ လုပ်မနေနဲ့ . . . (မှန်ပါ့) ဒါ ကုက္ကုစ္စ . . . (မှန်ပါ့)၊ ပြုသေးတာလဲ မဟုတ်ဘဲနဲ့ အလှူလေးအတွက်နဲ့ သူစိတ်ထဲ စိတ်မချမ်းမသာ မလောက်မှာ မပြုမှာ မပြည့်စုံ မှာတွေ စိုးရိမ် နေတာ သောက သွားဖြစ်နေတာ. . . (မှန်ပါ့)၊ အဲဒါ ကိုယ့်ဟာကို လှူချင်တဲ့အချိန်ကျတော့ လှူလိုက်။

## ခက်သေးတယ်ဆိုတာ မလာစေနဲ့

ကျောင်းဆောက်ချင်တဲ့အချိန်ကျ ကျောင်းဆောက် လိုက် ဘုရားတည်ချင်တဲ့အချိန်ကျ တည်လိုက်တာပေါ့. . .

(မှန်ပါ့)၊ မလုပ်ရသေးလို့ ခက်သေးတယ်ဆိုတာတော့ မလာစေနဲ့၊ လာရင် သူ့ဘာခေါ်ကြမယ်. . . (ကုက္ကုစ္စပါ ဘုရား)။

ကုက္ကုစ္စကို ခေါင်းခေါ်လိုက်တော့ နီဝရဏဖြစ်သွားတယ်၊ နီဝရဏဆိုတော့ ဘယ်အဓိပ္ပါယ်ရောက်သွားတုံး၊ မဂ်ဖိုလ်နိဗ္ဗာန်တားတဲ့ အဓိပ္ပာယ်. . . (ရောက်သွားပါတယ် ဘုရား)။

မဂ်ဖိုလ်နိဗ္ဗာန်တားတယ်ဆိုတော့ ဒကာသစ်တို့၊ ဦးလှဘူးတို့ ရိပ်မိလောက်ပါပြီ. . . (မှန်ပါ့)၊ စဉ်းစားကြည့်ပါတဲ့၊ သူ့ သောကဖြစ်နေတာ၊ ပြုပြီးသားဒုစရိုက်တွေအတွက်လည်း သောကဖြစ်၊ မပြုရသေးတဲ့ကောင်းတဲ့အလုပ်တွေအတွက်လည်း မပြုရသေးလို့ခက်သေးကလာတယ်. . . (မှန်ပါ့)။

ခက်သေးဆိုတာက လာတော့ ဒီတရားကော ဘာခေါ်ကြ. . . (သောကတရားပါဘုရား)၊ အေး- သောကတရားပေါ့ . . . (မှန်ပါ့)။

**သောကောဘိ ဒေါသော**၊ ဒါ ဒေါသအနုစားလေးလို့ ဒကာ ဒကာမတို့က မှတ်လိုက်တာပေါ့။ ဘယ်လိုမှတ်ကြမယ် . . . (ဒေါသအနုစားလို့မှတ်ပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့က ဒကာကြွယ်တို့ လူစုတွေက ဒကာသစ်တို့လူစုတွေက ကျုပ် ဒီနေ့ တရားအားမထုတ်ဖြစ်ဘူး၊ ဘာကြောင့်တုံးမေးကြလို့ရှိရင် ကျုပ် ကုသိုလ်လေးတစ်ခုက လုပ်မယ်

လို့ စိတ်ကူးလေးကရှိနေတော့၊ အဲဒီဟာလေးက ဟိုဟာလို ဒီဟာလို လိုတာလေးတွေ ကျုပ်မှာ ဒါလေးက သောက ဖြစ်နေတယ်။

## သောကဆိုတာ ဒေါသအနုစား

ပြောနေတယ်၊ သောကဆိုတာ ဒကာသစ်ရေ ဒေါသ . . . (မှန်ပါ့)၊ သဘောကျပလား။ အဲဒါ ဖြစ်ကောင်း မဖြစ်ကောင်း။ ကုသိုလ်လား အကုသိုလ်လား မေးကြည့် လိုက်တော့ သိရော ပေါ့. . . (အကုသိုလ်ပါဘုရား)။

ဘာတရားပါလိမ့်. . . (အကုသိုလ်တရားပါဘုရား)၊ အကုသိုလ်တရားဆိုတော့ နီဝရဏတရား ဟုတ်မဟုတ်. . . (ဟုတ်ပါတယ်ဘုရား)၊ အဲဒါတွေ သေသေချာချာစဉ်းစား တော့မှ ခင်ဗျားတို့က ဩော်- တရားအားမထုတ်နိုင်တာ ဒါလေးက ဖြစ်နေသေးတယ်။

ကောင်းတော့ ကောင်းပါရဲ့၊ တရားအားထုတ်ရရင် ကောင်းတာပဲ၊ သို့သော်လည်း ဒါလေးက မပြည့်စုံ မလုံ လောက် ဖြစ်နေပြီး သကာလ မိုးတစ်ပြိုက် လေတစ်ပြိုက်-

အင်း- နောက် အချိန်အရွယ်ကလေးကလည်း ရောက် လာတာဖြစ်နေတော့ မလုပ်ရရင် မဖြစ်တာနဲ့ အဲဒီသောကလေး က ကျုပ်က ဝင်နေတယ်ဗျာ့၊ ဒါကြောင့် ယခုတရားအားထုက် လို့ကိုပဲ သမာဓိကလည်းမရ၊ ဖြစ်ပျက်လည်းမမြင်ဘူးဆိုရင် -

ဘယ်သူကတားတယ်ဆိုတာ ခင်ဗျားတို့ အကဲခတ်တော့ . . . (ကုက္ကုစ္စက တားမြစ်ပါတယ်ဘုရား)၊ ကုက္ကုစ္စက တား နေတယ်ဆိုတာပေါ်ပလား. . (ပေါ်ပါပြီဘုရား)။

## မတွေးနဲ့ လုပ်ချိန်ကျတော့ထလုပ်

ဒါဖြင့် မလုပ်နဲ့ဆိုတာလား၊ မတွေးနဲ့ဆိုတာလား. . . (မတွေးနဲ့ဆိုတာပါဘုရား)၊ မတွေးနဲ့ လုပ်ချိန်ကျတော့ ထလုပ် . . . (မှန်ပါ့)၊ လုပ်ချိန်ကျတော့. . . (ထလုပ်ရမှာပါဘုရား)။

တွေးပြီးတော့ဖြင့်. . . (မနေရပါဘုရား)၊ တွေးရင် ဘာဖြစ်မယ်၊ (သောကဖြစ်မှာပါဘုရား)၊ သောကဆိုတော့ ကုက္ကုစ္စ၊ ကုက္ကုစ္စဆိုရင် နီဝရဏ. . . (မှန်ပါ့)၊ သဘောကျ ပလား. . . (ကျပါပြီဘုရား)။

ဘယ်သူဟာ အမျက်ထွက်တာပါသေးလား. . . (မပါပါဘုရား)၊ ဒကာကြွယ် တစ်ချို့က ဒါ အကောင်းထင်နေကြတာ . . . (မှန်ပါ့)၊ မထင်ကြဘူးလား. . . (ထင်ပါတယ်ဘုရား)။

အင်း- ခင်ဗျား တရားနာသွားကြစို့ဗျာ၊ တရားသွားထိုင်ရအောင်ဗျာ။ အို- ခင်ဗျား ခက်တယ်၊ ကျုပ်က တပို့တွဲ၊ တပေါင်း ကျလာလို့ရှိရင်ဖြင့် သားလေးကြီးလားလို့ ရှင်လေး ပြုစရာရှိနေတော့ ဒီဟာလေးက အပင်းလျှိုသလိုဖြစ်နေတယ်။

အဲဒါလေးက မအေးသေးဘူးဗျာ့. . . (မှန်ပါ့ဘုရား)၊ ဒီအတိုင်းဖြေတာပဲ. . . (မှန်ပါ့)၊ မဖြေဘူးလား. . . (ဖြေပါတယ်ဘုရား)၊ ဒီအတိုင်းဖြေတာကို ထောက်ကြည့်တော့ သောကဖြစ် နေတာ၊ သောကဆိုတာ ဒေါသအနုစား . . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

သူများ ဓားနဲ့လိုက်တဲ့ ဒေါသကတော့ ကြမ်းသကိုးဗျ၊ အခုဟာကတော့ ကိုယ့်ဟာကိုယ် သက်သက် စိတ်မချမ်းသာအောင်လုပ်နေတာ. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် သူ့ ဘာတရားခေါ်ကြမယ်. . . (နီဝရဏတရားလို့ ခေါ်ပါတယ်ဘုရား)၊ နီဝရဏတရားဆိုလည်း မှန်တာပဲ၊ ကုက္ကုစ္စဆိုရင်ကော. . . (မှန်ပါတယ်ဘုရား)။

ဒါဖြင့် သူဟာ သခင့်အလုပ် ကိုယ်ပိုင်အလုပ် ကိုယ့်ကိုကျေးဇူးပြုမယ့်အလုပ် လုပ်နေတာလား၊ ကိုယ့်ကိုယ်ကို မအေးအောင်လုပ်နေတာလား. . . (ကိုယ့်ကိုယ်ကို မအေးအောင်လုပ်နေပါတယ်ဘုရား)။

ဒါဖြင့် ကိုယ့်ကိုယ်ကို မအေးအောင်လုပ်တဲ့အလုပ် ဖြစ်သောကြောင့်တဲ့ ဒီကုက္ကုစ္စ ရှိနေရင် ကျွန်ဖြစ်နေတာကွ. . . (မှန်ပါ့)။

ဘုရားက အဇာတသတ် ဟောတာ ဒကာကြွယ်ရေ ဟောထိုက် မဟောထိုက်. . . (ဟောထိုက်ပါတယ်ဘုရား)၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ဒါဖြင့်တဲ့ ဋီကာကျော်ဆရာက **ကတာ ကတံ အာရဗ္ဘ ပဝတ္တော ဝိပ္ပဋိသာရော၊** ကတာ ကတံ-ပြုအပ်ပြီးသော ဒုစရိုက်၊ မပြုလိုက်ရသေးသော သုစရိုက်တွေကို၊ အာရဗ္ဘ-အာရုံပြု၍၊ ပဝတ္တော-ဖြစ်သော၊ ဝိပ္ပဋိသာရော စိတ္တုပ္ပါဒေါ-နှလုံးမသာယာသော စိတ္တုပ္ပါဒ်ဖြစ်သောစိတ္တုပ္ပါဒ်သည်၊ ကုက္ကုစ္စံ-ကုက္ကုစ္စပဲကွ . . . (မှန်ပါ့)။

ကုက္ကုစ္စပဲကွ ဆိုတော့ သိပ်ကြောက်စရာမကောင်းဘူးလား. . . (ကောင်းပါတယ်ဘုရား) ပေါ်ကြပလား. . . (ပေါ်ကြ ပါပြီဘုရား)၊ ဒါဖြင့် ဒကာ ဒကာမတို့၊ မြို့သုံး သုံးပြီးသကာလ ဆရာသမားပြောတာ . . . (ဆောင်ဖို့ပဲဘုရား)၊ ဟောတာ ဆောင်ဖို့ပဲ. . . (မှန်ပါ့)။

လုပ်စရာရှိတဲ့အချိန်ကျတော့ ကုသိုလ်ပြုပြု ဘာပြုပြု ဘုန်းကြီးတို့ မတားပါဘူး၊ လုပ်တာပေါ့. . . (မှန်ပါ့)၊ အဲဒီအတွက်တော့ သောကဝင်မနေနဲ့၊ သောက ဝင်နေလို့ရှိရင် အခုမင်္ဂလာဖိုလ်တား တားကြလိမ့်မယ်. . . (မှန်ပါ့)၊ မတားပေဘူးလား. . . (တားပါတယ်ဘုရား)၊ သိပ်ကြောက်စရာမကောင်းဘူးလား. . . (ကောင်းပါတယ်ဘုရား)။

## ကဿပဘုရားလက်ထက်က

အဲဒါကြောင့် ဒကာ ဒကာမတွေသည်တဲ့ ကုဋေကုဋာစ္စ အင်မတန်ကြောက်စရာကောင်းတယ်နော်. . . (မှန်ပါ့)၊ မဂ်တား ဖိုလ်တားဆိုတာ တစ်နေ့က ပြောခဲ့တယ်၊ ဒကာ ဒကာမတို့၊ ကဿပဘုရားလက်ထက်က အနှစ် နှစ်သောင်းလောက် ရဟန်း ကြီးတစ်ပါးရှိတယ်. . . (မှန်ပါ့)။

## ပိန်းရွက်ကလေးပြတ်သွားတယ်

သူမြစ်နားနေတဲ့အခါ လှေလေးနဲ့ ဆွမ်းခံရတဲ့အတွက် လှေလေးပေါ် သပိတ်တင်ပြီးသကာလ လှော်မယ်လို့ လုပ်တုန်း လှေငြိမ်အောင်လို့ ပိန်းရွက်ကလေးဆွဲကိုင်လိုက်တော့ ရေစီးသန်တာနဲ့ လက်ကလည်း မလွှတ်မိတော့ ပိန်းရွက်ကလေးပြတ်သွားတယ်။

ဒုက္ကဋ်အာပတ်ဆိုတာမကောင်းတဲ့ အာပတ်ကလေးတစ်ခုပေါ့ဗျာ. . . (မှန်ပါ့)၊ အပါယ်ကျလောက်အောင် မဟုတ်ပါဘူး၊ ဒေသနာကြားလိုက် ပျောက်ထွက်သွား. . . (မှန်ပါ့)။

နောက် မလုပ်ပါဘူးဆို ပြီးတာပဲ. . . (မှန်ပါ့)၊ အဲဒါလေးက သူ့မှာ ရဟန်းတွေကလည်း ရှာမရဘဲနေတော့ ဒေသနာ မကြားဖြစ်ဘူးဆိုကြပါစို့. . . (မှန်ပါ့)။

နောက်ကျတော့ အနှစ် နှစ်သောင်း အားထုတ်ထား၊ သေခါနီးကျတော့ ဒါလေးကို အကြီးအကျယ် ဖြစ်လာတာပေါ့ဗျာ၊ ဒီအဖြစ်အပျက်ကလေးကို ငါဒေသနာ မကြားဖြစ်ဘူး. . . (မှန်ပါ့)၊ ဒုစရိုက် ပြန်တွေးလိုက်တယ်. . . (မှန်ပါ့)၊ ကုက္ကုစ္စ ဖြစ်မလာဘူးလား . . . (ဖြစ်လာပါတယ်ဘုရား)။

## ဒါလေးအတွက်ခက်တယ်

အဲဒီစိတ်နဲ့ ဖြုတ်လို့ကိုမရဘူးတဲ့ ဒကာကြွယ်ရေ. . . (မှန်ပါ့)၊ ဒီအပြစ်ဖြုတ်လို့ကို မရဘူးတဲ့၊ "ဒါလေးအတွက် ခက်တယ်၊ ဒါလေးအတွက် ခက်တယ်" ဆိုတဲ့ သောကဖြစ်လာတယ် (မှန်ပါ့)၊ သဘောကျရဲ့လား. . . (ကျပါတယ်ဘုရား)။

ဒါလေးအတွက် ခက်တယ်၊ ဒါလေးအတွက် ခက်တယ်၊ ဒါ သူများပစ္စည်း ခိုးတာလည်း မဟုတ်ဘူး၊ သူများအသက် သတ်တာလည်းမဟုတ်ဘူး၊ ကိုယ်ပြုထားတဲ့ အမှုလေးက မဖြစ်လောက်တာကို ကုက္ကုစ္စဖြစ်နေပြန်တယ်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ဘာပြန်ဖြစ်ပါလိမ့် . . . (ကုက္ကုစ္စပြန်ဖြစ်ပါတယ်ဘုရား)၊ ကုက္ကုစ္စပြန်ဖြစ်ပြီးသကာလ ကုက္ကုစ္စတွေနဲ့ပဲ ဒကာဒကာမတို့ သေတော့ ဂင်္ဂါမြစ်ထဲ ပိန်းကော်လောက်ရှိတဲ့ နဂါးကြီးသွားဖြစ်တယ်. . . (မှန်ပါ့)။

## ရဟန်းဘဝအနှစ် နှစ်သောင်း

ကိုင်း အနှစ်နှစ်သောင်း ရဟန်းတရား အားထုတ်ထားတာ ကဿပဘုရားလက်ထက်က ကယ်ဖေါ်ယူဖေါ်မရတော့ပါဘူး. . . (မှန်ပါ့)။

ဘယ်သူချလိုက်တာပါလိမ့် ပေါ်ကြပလား. . . (ပေါ်ပါ ပြီဘုရား)၊ ဒါကြောင့် ခင်ဗျားတို့ ဩော်-ဒါလေးကို ငါဒေသနာ ကြားလို့ ကုသိုလ် မလုပ်ခဲ့ရဘူး. . . (မှန်ပါ့)။

ပြုအပ်ပြီးသော ဒုစရိုက် အောက်မေ့တယ်၊ မပြုရသေးတဲ့ ဒေသနာ ကြားမှုလေးလည်း မလုပ်လိုက်ရဘူးဆို၊ ဒါကြီးက လည်းပင်မှာ မြွေပတ်သလို စွဲနေတယ်. . . (မှန်ပါ့)။

## နဂါးကြီးသွားဖြစ်တယ်

အဲဒီဇောနဲ့ သေသွားတယ် ဒကာ ဒကာမတို့၊ ဂင်္ဂါမြစ်ထဲ ပိန်းကောလောက်ရှိတဲ့ နဂါးကြီးသွားဖြစ်တယ်. . . (မှန်ပါ့ဘုရား) ဘုရားနှစ်ဆူကြားမှာ သွားဖြစ်တယ်. . . (မှန်ပါ့)။

ဘယ်လောက်များကြောက်စရာကောင်းတုံး. . . (ကြောက်စရာကောင်းပါတယ်ဘုရား)၊ ဘယ်သူချလိုက်တာပါလိမ့်. . . (ကုက္ကုစ္စချလိုက်တာပါဘုရား)။

ဒကာကြွယ် အနှစ် နှစ်သောင်းတဲ့နော် . . . (မှန်ပါ့) ရဟန်းတရား အားထုတ်နေတာ အနှစ် နှစ်သောင်းတဲ့နော်. . . (မှန်ပါ့)၊ အဲဒါကိုပဲ ကယ်မယ့် ယူမယ့် ဟို တရားတွေက ကယ်နိုင် ယူနိုင်တဲ့စွမ်းရည်သတ္တိရှိငြားသော်လည်း ကုက္ကုစ္စ ဖြတ်မရဘူး. . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီ ဘုရား)။

ဟိုတရားတွေက ကယ်နိုင်ယူနိုင်တဲ့ စွမ်းရည်သတ္တိ မရှိဘူးလား . . . (ရှိပါတယ်ဘုရား) သို့သော် ဘယ့်နှယ် ကြောင့်ပါလိမ့်မတုံး. . . (ကုက္ကုစ္စကြောင့်ပါဘုရား)၊ ကုက္ကုစ္စက ဖြတ်မရဘူး. . . (မှန်ပါ့)၊ ဘယ်သူ ဖြတ်မရတာတုံး. . . (ကုက္ကုစ္စပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ အနှစ် နှစ်သောင်းအားထုတ်ထားတဲ့ ကိုယ်တော်ကြီးတောင် ဖြတ်မရလို့ မလာသင့်တာက လာပြီးနေသောကြောင့် ဂင်္ဂါ မြစ်ထဲ ဖားစိမ်းစား နဂါးသွားဖြစ်ရတယ်. . . (မှန်ပါ့)။

မနာလားဗျာ. . . (နာပါတယ်ဘုရား)၊ ဒီက ဒကာ ဒကာမတွေအတွက် ဒီလောက်တော့လည်း အားထုတ်ထားတာ မဟုတ်တော့ ဩော်-ငါငယ်ငယ်တုန်းက မိုက်ခဲ့တယ်လို့ သေခါ နီးတွေးချင်တွေးလိမ့်မယ်. . . (မှန်လှပါဘုရား)။

ဘယ်သူတွေတော့ ဥပုသ်စောင့်၊ ငါတော့မစောင့်ခဲ့ ရဘူး၊ ကုသိုလ်ဘက်ကလည်း မစောင့်သေးတာတွေ. . . (မှန်ပါ့)၊

အကုသိုလ်ဘက်ကလည်းလုပ်ပြီးတာတွေးဆိုတာ ကုက္ကုစ္စ. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ ဘုရား)။

ဒီလိုနေပြီးသကာလ သေခါနီးများ လာလိုက်လို့ရှိရင် ဖြင့် အပါယ်ကျသွားလိမ့်မယ်. . . (မှန်ပါ့)၊ သိပ်ကြောက်စရာ မကောင်းဘူးလား. . . (ကောင်းပါတယ်ဘုရား)။

## လောကပတ္တနဂါးမင်း

အခုလောကပတ္တ နဂါးမင်းကြီးဆိုတာ ဒကာ ဒကာမ တွေ တစ်နေ့ကလည်း ဒီကုက္ကုစ္စအကြောင်းနဲ့ ပြောခဲ့ပါတယ် . . . (မှန်ပါ့)။

အခုလည်း ဒီဝတ္ထု ကြုံလာတာနဲ့ ကုက္ကုစ္စအတွက် ကြုံလာပြန်တာနဲ့ ဒကာ ဒကာမတို့ နဂါးဖြစ်ချင်လို့ ဖြစ်ရ တာလား၊ ကုက္ကုစ္စက နဂါးဖြစ်ခိုင်းတာလား. . . (ဖြစ်ခိုင်း တာပါဘုရား)။

အဲဒီ နဂါးအဖြစ်ခိုင်းတော့ ဒကာ ဒကာမတို့ တိရစ္ဆာန် ဘဝရောက်သွားတယ်. . . (မှန်ပါ့)၊ တိရစ္ဆာန်ဘဝ ရောက်သွား တော့ တိရစ္ဆာန်ဘဝက လူဘဝရောက်ဖို့ဆိုတာကော ဒကာ ဒကာမတို့ လူပြည်က အပ်တစ်စင်းထောင် . အချွန်ကလေး အပေါ်က လှည့်ထား. . . (မှန်ပါ့)။

ဖြဟ္မာပြည်က အပ်တစ်စင်းက အချွန်ကလေးအောက် စိုက်ချလိုက်. . . (မှန်ပါ့)၊ ဗြဟ္မာပြည်က ဗြဟ္မာတစ်ယောက်က အပ်သွားချင်းထိဖို့ မြင်နိုင်သေးရဲ့လား . . . (မမြင်နိုင်ပါဘုရား)။

## တိရစ္ဆာန်ဘဝက လူ့ဘဝကိုမရတော့ဘူး

အဲဒီလိုပဲ တိရစ္ဆာန်ဘဝက လူဘဝကို မရတော့ဘူး . . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီဘုရား)၊ အင်မတန် ကြောက်စရာမကောင်းဘူးလား. . . (ကောင်းပါတယ်ဘုရား)။

ဒါ ဘုရားဟောတော်မူတာပါပဲ၊ ဒါနဲ့ ဘုရားဟောတာကို ကိုယ်ကိုယ်တိုင် ပြောပြပါဦးမယ်ဆိုတော့ သူ ဘုရားပွင့်တယ် မပွင့်တယ် သိရအောင်လို့ သူ့သမီးလေး ပါးပျဉ်းပေါ်တင်ပြီး လပြည့် လကွယ်တိုင်း အဲ-ဂါထာပုစ္ဆာလေး မေးတယ် . . . (မှန်ပါ့)။

အကယ်၍ ဖြေနိုင်ခဲ့ပါရင် ဘုရားပွင့်တယ်လို့ အကဲခတ်မှာကိုးဗျ၊ ဘယ်သူမှ မဖြေနိုင်ဘူး. . . (မှန်ပါ့)၊ နောက် ဂေါတမ ဘုရားပွင့်လာတယ်ဆိုတော့ ဒကာ ဒကာမတို့ ကဿပဘုရား လက်ထက်ကတည်းက နဂါးဖြစ်လာတာ ဂေါတမဘုရားလက်ထက်တောင် နဂါးရှိသေးတယ်. . . (မှန်ပါ့)။

မြေကြီး ဆယ့်သုံးမိုင် တက်ရတယ်ဆိုတော့ မခက်ဘူးလားဗျာ. . . (ခက်ပါတယ်ဘုရား)။

## ဥတ္တရလုလင်

ဒါလောက်ထိအောင် တိရစ္ဆာန်ဘဝနဲ့ဆိုတော့ ဘာသံမှလည်းမကြားရဘူး၊ အဲဒီတင်မှ ဥတ္တရလုလင်က ဖြေမယ်ဆိုတော့ ဘုရားက နဂါးတော့ ကျွတ်ဖို့မမြင်ဘူး၊ ဥတ္တရလုလင်နဲ့တကွ ကျန်တဲ့ပုဂ္ဂိုလ်တွေမြင်တယ်ဆိုပြီး ဘုရားက မြစ်နားလာတာကိုး. . . (မှန်ပါ့)။

## ဘုရားကအဖြေပေးလိုက်တယ်

မြစ်နား လာပြီး ဥတ္တရလုလင်၊ မင်းဘယ်သွားမလို့တုံး။ နဂါးသမီး လိုချင်လို့ အဖြေသွားမလို့၊ မင်းအဖြေပြောစမ်းပြောလိုက်တယ်၊ တစ်ခုမှမဟုတ်ဘူး၊ အဲဒီမှာ ဘုရားက အဖြေပေးလိုက်တယ်။

ဆဒ္ဒါရ အဓိပတိရာဇာ အစရှိသည်၊ သဘောကျရဲ့လား (ကျပါတယ်ဘုရား)၊ အဲဒါတွေကိုတော့ မချဲ့တော့ပါဘူးတဲ့၊ သူ့ သီးသန့်ဟောရမှာ ဖြစ်နေလို့ ကုဏ္ဍာစ္စ အရေးကြီးလို့ပြောပါတယ် (မှန်ပါ့)။

ဒီတင်မှ တစ်ခါတည်း ဥတ္တရလုလင်နှင့်တကွ ကျန်တဲ့ ပုဂ္ဂိုလ်တွေကတော့ အကုန် တရားထူးတွေရကြတယ်. . . (မှန်ပါ့)၊ မြစ်ထဲသွားပြီးသကာလ ဖြေလိုက်တယ်၊ ဥတ္တရလုလင် (မှန်ပါ့)။

ဖြေလိုက်တော့ ဘုရားပွင့်မှန်း သူသိတယ်၊ အဲဒီအဖြေ ဟာ သူများတွေ ဖြေနိုင်တဲ့အဖြေမဟုတ်ဘူး၊ ဘုရားပွင့်မှ ဖြေနိုင်တဲ့ အဖြေဆိုတာ သူသိတယ်. . . (မှန်ပါ့ဘုရား)။

ဒါနဲ့ ဥတ္တရလုလင် မင်းဘုရားပွင့်ပြီကွ၊ ဘုရားဆီ လိုက်ပို့ ပါဆိုပြီး လူယောင် ဖန်ဆင်းပြီးလိုက်လာတာ. . . (မှန်ပါ့)။

လိုက်တဲ့အခါကျတော့ တပည့်တော်ဘုရား ကဿပ ဘုရားလက်ထက် အနှစ် နှစ်သောင်း ကိုယ်တိုင်၊ အနှစ် နှစ်သောင်းတိုင်တိုင် ရဟန်းတရားအားထုတ်လာပါတယ်။

အခု ကုက္ကုစ္စဆိုတဲ့ တရားလေးနှိပ်စက်လိုက်တဲ့အဖြစ် ကြောင့် တပည့်တော် ဘုရား ဖားစိမ်းစား, ငါးစိမ်းစား နဂါးကြီး ဖြစ်ရပါတယ်ဆိုပြီး ငိုတာကိုဗျ . . . (မှန်ပါ့)။

## လူ့ဘဝရအောင်အားထုတ်ပါဦး

ပိုရုံနဲ့လည်း ဘုရားကလည်း ဘာမှ မတတ်နိုင်တော့ တပည့်တော် ကယ်ပါအုံး, ယူပါအုံးလို့ တောင်းပန်တယ်. . .

(မှန်ပါ့)၊ မကယ်နိုင်, မယူနိုင်ဘူးတဲ့၊ လူ့ဘဝရအောင် အားထုတ်ပါဦး. . . (မှန်ပါ့)။

ဒါပဲ တတ်နိုင်တယ်. . . (မှန်ပါ့)၊ ဒကာ ဒကာမတို့ ဘဝလေးဟာ သေးသေးသိမ်သိမ်နဲ့ ရလာတယ်လို့ မအောက်မေ့ပါနဲ့၊ ဒါလေးခင်ဗျားတို့က အခုသားရေး သမီးရေး, စီးပွားရေးနဲ့ လူ့ဘဝကြီးတစ်ခုလုံးကို ၇၅-နှစ်တန်းသာ ရှိတဲ့ဥစ္စာ ဒါလေးကို အလွဲသုံးစားနဲ့ ဖြုန်းပစ်ကြအုံးမယ်ဆိုလို့ရှိရင် အရကြီးရတာကို အလွဲသုံးစား ဖြုန်းပစ်တာ ဒကာကြွယ် သိပ်နာတယ်။

## သားကျွန်, မယားကျွန်,ဆွေမျိုးကျွန်

သားကျွန်, မယားကျွန်, ဆွေကျွန်, မျိုးကျွန်, ရပ်ကျွန်, ရွာကျွန်တွေ ဖြစ်ပြီး သကာလ ဒကာ ဒကာမတွေ ခန္ဓာအလွဲသုံးစား လုပ်ပစ်လိုက်တာ မရစဖူး အရထူးတဲ့ ခန္ဓာကြီးကို အလွဲသုံးစားလုပ်ပစ်လို့ တော်ပါ့မလား. . . (မတော်ပါဘုရား)။

ဥပမာ ပြောကြပါစို့၊ စိန်ငါးရတီ ခြောက်ရတီ ရဖို့ရာ ဘယာကြော်ရောင်းပြီး စုရမယ်ဆိုရင် လွယ်ကိုမလွယ်ဘူး၊ ဒါ-အကြောင်းညီညွတ်လို့ ဒကာကြွယ်က ဒယ်အိုးတယ်နိုင်တဲ့ ဘဝရောက်လို့ အရောင်းတွေလည်း စွံလို့ မနည်း စုခဲ့ရလို့ရှိရင် ငါးရတီ, ခြောက်ရတီ, သူ့ဝတ်ချင်လည်း ဝတ်ရလိမ့်မယ်။

အဲဒါလေး - တစ်ခါ ကစားဝိုင်းရှိလို့ နိုင်လိမ့်မယ် ထင်လို့ ကစားဝိုင်းသွားထိုးလိုက်မယ်၊ ဒါလေးဖလှယ်ပြီးတော့ ဒါ အလွဲသုံးစား မကျဘူးလား. . . (ကျပါတယ်ဘုရား)၊ လုပ်ခဲ့ ရတာကော လွှယ်ကူသလား. . . (မလွယ်ကူပါဘုရား)။

## ကစားဝိုင်းမှာအလွဲသုံးနေတယ်

ဒီမှာလည်း လူ့ဘဝတက်ခဲ့ရတာ လွယ်ကို မလွယ်တဲ့ အထဲမှာ ခင်ဗျားတို့က သားရေး၊ သမီးရေး၊ စီးပွားရေး ကစား ဝိုင်းမှာ အလွဲသုံးစားတွေ သုံးနေလို့ ဒကာကြွယ် ပြောနေတယ် (မှန်ပါ့)၊ မပြောထိုက်ဘူးလား. . . (ပြောထိုက်ပါတယ်ဘုရား)။

သေသေချာချာ စဉ်းစားစမ်းပါ ခင်ဗျားတို့ဟာက သားလေးနေမကောင်း၊ သမီးလေးနေရာမချရသေး၊ သားလေး က ပညာအရည်အချင်းက စကောစကဖြစ်နေလို့ဆိုပြီး ကိုယ့် သက်တန်းကို သူတို့ကျွန်ခံပြီး ဖြုန်းနေတဲ့ဥစ္စာ အလွဲသုံးစား ဟုတ်မဟုတ်ချိန်ပါ. . . (ဟုတ်ပါတယ်ဘုရား)။

အဲဒီအလွဲသုံးစားတွေကို ခင်ဗျားတို့က ထုံးတမ်းထဲ မသွင်း လိုက်ပါနဲ့၊ ထုံးတမ်းထဲ သွင်းလိုက်တာက ဟိုအိမ်၊ ဒီအိမ် စုံလုံးကန်းချင်း မြင်လို့ပြောတာပါ. . . (မှန်ပါ့)။

ဟိုအိမ်ကလည်း ဒီလိုပဲ၊ ဒီလိုပဲ၊ သားနဲ့၊ သမီးနဲ့၊ ပူပန်ပြီး နေတာ၊ အဲဒီလိုနေရမှာပဲ လူပြည်ဆိုတာ ဒီလိုပဲလို့ အဲဒါက

စုံလုံးကန်းချင်း ညှိနေတဲ့စကား . . . (မှန်ပါ့)၊ သဘောကျ ပလား . . . (ကျပါပြီဘုရား)။

## မျက်လုံးကန်းချင်းညှိတာ

ဘယ်လို ညှိတာတုံး . . . (မျက်လုံးကန်းချင်း ညှိတာပါဘုရား)၊ ဘုန်းကြီးက ဒီလိုမညှိကြပါနဲ့လို့ ဒကာသစ်တို့၊ ဒကာကြွယ်တို့၊ ဦးလှဘူးတို့ ပြောတယ်. . . (မှန်ပါ့)။

ခင်ဗျားတို့ မရစဘူး အရထူးပြီး လူ့ဘဝရဖို့ရာ အခုဘုရား ဟောသလိုပေါ့၊ မခက်ဘူးလား . . . (ခက်ပါတယ်ဘုရား)။

အင်မတန်မြင်တဲ့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက ပြောတာဗျာ. . . (မှန်ပါ့)၊ မှန်ကော မမှန်ဘူးလား. . . (မှန်ပါတယ်ဘုရား)၊ အဲဒီဥစ္စာ ခင်ဗျားတို့က လူ့ဘဝ ရလို့ရှိရင် နိဗ္ဗာန်တက်ရမယ်. . . (မှန်ပါ့)။

အခု နိဗ္ဗာန်တက်ဖို့ လုပ်သလား၊ သားကျွန်, မယားကျွန်, ခံနေကြတာလားဆိုရင် ဘယ့်နှယ်ဖြေကြမလဲ. . . (သားကျွန်, မယားကျွန် ခံနေကြပါတယ်ဘုရား)။

ဒါဖြင့် အလွဲသုံးစား ဟုတ်မဟုတ်၊ ခုနက ဘယာကြော်သည် စိန်ကို ပေါင်ပြီးသင်္ကာလ ကစားပိုင်းသွားသလို မဖြစ်ဘူးလား. . . (ဖြစ်ပါတယ်ဘုရား)။

အဲဒီတော့ ဒကာကြွယ် ဒါ တွက်မိသလား. . . (တွက်မိပါတယ်ဘုရား)၊ တွက်မိပြီ ဒကာသစ်တို့ တွက်မိပြီ၊ ငါ အလွဲသုံးစားလွန်တဲ့အချိန်တွေ များလွန်းတယ်ဆိုတာ ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

သားကျွန်၊ မယားကျွန် ခံတဲ့အလုပ် ရက်ကန်း ထောင်တဲ့အလုပ် ဒါနဲ့ပဲ အချိန်ကုန်ပြီးသကာလ ဝိပဿနာ ဉာဏ်က မင်္ဂဉာဏ်ကူးတဲ့အလုပ်ကို မလုပ်ဖြစ်လို့ရှိရင် ဒါ ဘာလုပ်နေတာတုံးဆိုရင်မရစဖူး အရထူးတဲ့ စိန်ကို ကစားဝိုင်းမှာ အလွဲသုံးစားသုံးသလို . . . (မှန်ပါ့)။

## ခန္ဓာကိုယ်သက်တမ်း ဖြုန်းပစ်လိုက်တာ

မရစဖူးအရထူးတဲ့ ဘဝကြီးကို အလွဲသုံးစား သားကျွန် မယားကျွန် ခန္ဓာကိုယ် သက်တမ်းဖြုန်းပစ်လိုက်တာ. . . (မှန်ပါ့)၊ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)၊ အဲဒါ သေသေ ချာချာတွက်မှ ရှုံးမှန်းသိတယ်။

ရွာထဲရပ်ထဲမှာ ဟိုအိမ်က ဒီအိမ် ကြည့်နေမယ်ဆိုလို့ရှိရင်ဖြင့် ဟိုအိမ်ကလည်း နိဝရဏ တရား မသိတော့ စုံလုံးကန်း (မှန်ပါ့)၊ ဒီအိမ်ကလည်း နိဝရဏ မသိတော့ စုံလုံးကန်း. . . (မှန်ပါ့)။

စုံလုံးကန်းချင်းဆိုတော့ ဟိုဘက်အိမ်ကလည်း ဒီလိုပဲ ကျုပ်တို့အိမ်ကလည်း ဒီလိုပဲဆိုတော့ မတတ်နိုင်ဘူးဗျာ ဒီလို နေကြရမှာပဲ. . . (မှန်ပါ့)။

ဒီလိုမညီပါနဲ့တဲ့၊ အခုမျက်လုံးအမြင်ကျယ်တဲ့ ဘုရား၊ မျက်လုံးအမြင်ကျယ်တဲ့ဆရာသမားကလမ်းညွှန်နေတော့ ခင်ဗျား တို့ အလွဲသုံးစား မလုပ်နဲ့၊ မရစဖူး အရထူးတဲ့ ဘဝ၊ ဒီတစ်ခါ ကျွန် သွားလို့ရှိရင် ကျောက်ခဲရေကျ. . . (မှန်ပါ့)။

ဒီတစ်ခါ လွဲသွားရင် အလွဲသုံးစား သန်တယ်လို့ ဒီအဓိပ္ပါယ်ကို ကြားဖောက်ပြီး ရှင်းပေးနေပါတယ်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

## သေခါနီးမှာလာတတ်တယ်

အင်း-ဒါဖြင့် ကုက္ကုစ္စဆိုတာ ဒကာ ဒကာမတို့၊ ဘယ်အချိန်လာတတ်ပါသတုံးမေးတော့ ခုနက ရဟန်းကြီး အနှစ် နှစ်သောင်းအားထုတ်တာ သေခါနီးမှ လာတယ်. . . (မှန်ပါ့)။

ဘယ်အချိန်လာတုံး. . . (သေခါနီးမှ လာပါတယ် ဘုရား)။ အဲဒါကတစချက်. . . (မှန်ပါ့)၊ ပြီးတော့ အခုလို ဆရာ သမားကောင်းတွေ့ပြီး ခင်ဗျားတို့ကို ဝိပဿနာ အလုပ်တွေ လုပ်ခိုင်းတော့ ငြိမ်ငြိမ်လေးထိုင်ပြီး အသက်မှန်မှန် ရှူနေမှ တွေးလုံးကလာတယ်. . . (မှန်ပါ့)။

တွေးလုံးက လာတယ်၊ မယားပေါ်နိုင်ခဲ့တယ်၊ သား အပေါ်ဆိုးခဲ့တယ်၊ သူတို့ရှာကျွေးခဲ့ရတဲ့၊ တရားတာ မတရား တာတွေစုံလို့. . . (မှန်ပါ့)။

ဒါတွေနဲ့ အားထုတ်လို့မှ ဖြစ်ပါ့မလား. . . (မှန်ပါ့) အင်း လာပြီ ကုဋ္ဌကုစ္စ၊ ဒကာသစ်ရေ. . . (မှန်ပါ့)၊ ကုဋ္ဌကုစ္စ ဒါမလာ စေနဲ့. . . (မှန်ပါ့)။

ဒကာကြွယ် ဒါ မလာစေနဲ့နော်. . . (မှန်ပါ့)၊ သူတို့က လာရင် ဘာလုပ်မလို့ဆိုတာကော ရှင်းပလား. . . (ရှင်းပါ တယ် ဘုရား)။

မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို တားမလို့. . . (မှန်ပါ့)၊ ဒကာ သစ် ကုဋ္ဌကုစ္စပဲတဲ့၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ် တား-မတား. . . (တား ပါတယ်ဘုရား)။

တားရင် နိဗ္ဗာနတရား၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)၊ ကျွန်နဲ့မကူဘူးလား. . . (တူပါတယ် ဘုရား)၊ ကိုယ့်အလုပ် လုပ်ဖြစ်သလား အပါယ်ကျဖို့ လုပ်ဖြစ် သလား (အပါယ်ကျဖို့ လုပ်ဖြစ်ပါတယ်ဘုရား)။

## နိဗ္ဗာန်သွားဖို့က ကိုယ့်အလုပ်

ကိုယ့်အလုပ် ဆိုတာက အပါယ်တွင်းက လွတ်ကင်း ပြီးသကာလ နိဗ္ဗာန်သွားဖို့က ကိုယ့်အလုပ်ကိုး‌ဗျ. . . (မှန်ပါ့)။

အပါယ် ခန္ဓာဖို့ အလုပ်ဆိုတာသည်ကား ဆိုလို့ရှိရင် အပါယ်သွားဖို့အလုပ် (မှန်ပါ့) တဏှာခိုင်းတဲ့အလုပ် ကုက္ကုစ္စခိုင်းတဲ့အလုပ်ဆိုတော့ ကိုယ့်အလုပ် ဟုတ်သေးရဲ့လား. . . (မဟုတ်ပါဘုရား)။

အဲဒါကြောင့် ကိုယ့်အလုပ် သူ့အလုပ်မကွဲအောင် ကုက္ကုစ္စဆိုတဲ့တရားက ခင်ဗျားတို့ကို ကျွန်သပေါက် အတွင်းသို့ အပါယ်လေးပါး၊ ကျွန်သပေါက်အတွင်း ၃၁-ဘုံထဲမှာ ကျွန်အဖြစ်နဲ့ သားကျွန်, မယားကျွန်အဖြစ်နဲ့ အချိန်ကုန်အောင် လုပ်တတ်သည် ဖြစ်လေသောကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ၊ ဥဒ္ဒစ္စကုက္ကုစ္စဒါသိယာ၊ ဒါသိယာဆိုတဲ့ ကျွန်ပဲ၊ ရှင်းပလား (ရှင်းပါတယ်ဘုရား)။

## ဒီနေ့ကစပြီးပြင်ကြဆင်ကြပါဦး

ကိုင်း ဒီနေ့ကစပြီး သကာလ ပြင်ကြဆင်ကြပါဦးဆို တာ သတိပေးလိုက်တယ်. . . (မှန်ပါ့)၊ ပြုပြီးသား ဒုစရိုက်ကို အောက်မေ့ရအုံးမလား. . . (မအောက်မေ့ရပါဘုရား)။

မပြုရသေးတဲ့ သုစရိုက်ကိုကော. . . (မအောက်မေ့ရပါဘုရား)၊ မအောက်မေ့ကောင်းဘူးတဲ့၊ အောက်မေ့ရင် သောကာ၊ အောက်မေ့ရင် . . . (သောကပါဘုရား)။

သောကဆိုတာ ဒေါသအနုစား. . . (မှန်ပါ)၊ သောက ဆိုတာ ဒကာ ဒကာမတို့ ကုက္ကုစ္စ . . . (မှန်ပါ)၊ ကုက္ကုစ္စ ဆိုတာ မဂ်, ဖိုလ်တားတဲ့ နီဝရဏ၊ ဒီလိုအကြောင်းအကျိုးတွေ ဆက်ပြီး ဒကာကြွယ်ရေ ပေါင်းယူလိုက်တော့ နီဝရဏ တရားဆိုတာ ပေါ်လာတယ်၊ မပေါ်လာဘူးလား. . . (ပေါ်လာပါတယ် ဘုရား)။

ကိုင်း-ဒါဖြင့် ဒကာ ဒကာမတွေ၊ ဒီနှစ်ခုကို ဖယ်ရှားတဲ့ နည်းနိဿရည်းယူပြီး ခုနက နဂါးမင်းကြီး လူဘဝရောက် အောင် မင်းပြန်လုပ်ပါဦးနဲ့ပဲ ဇာတ်သိမ်းလိုက်ရတယ်. . . (မှန်ပါ)။

တကယ်တော့ မဂ်, ဖိုလ် နှိဗ္ဗာန်ရတယ်လို့ ပါကိုမပါဘူး (မှန်ပါ)၊ မဂ်, ဖိုလ်တည်တယ်လို့ ပါကို မပါတော့ဘူး၊ တည်ရင် တည်တယ်လို့ ဟောရှာမှာပေါ့ဗျာ. . . (မှန်ပါ)။

ခုတော့ မင်းမတတ်နိုင်တော့ဘူးကွ, အဟိတ်တိရစ္ဆာန် ဖြစ်နေတယ်၊ လူဘဝကိုပဲ ရအောင် လုပ်ပါဦး. . . (မှန်ပါ)၊ လူဘဝရပြန်တော့လည်း ဒွိဟိတ် ဖြစ်နေရင် မရပြန်ဘူး၊ တိဟိတ် ဖြစ်အောင်လုပ်ပါဦး၊ လာအုံးမှာပဲ. . . (မှန်ပါ)။

အဲဒီလောက်တောင်အဖြစ်ဆိုး- အကြံကြီးကြံပြီး မကောင်းတာ အကုန်လုပ်ပြီး သံသရာခရီးသည်ဖြစ်ပြီး သကာလ၊ သံသရာဝန်ထမ်းသမား အသုဘထမ်းသမား ဒုက္ခသစ္စာကြီးနဲ့

လည်သမားဖြစ်ပြီး သကာလနေရတာ နဂါးမင်းကြီးမှာ ဒကာသစ် တို့၊ ဒကာကြွယ်တို့ ဘယ်သူချလိုက်တာတုံး. . . (ကုဣာဠစ္စက ချလိုက်တာပါဘုရား)၊ ကြောက်စရာ မကောင်းဘူးလား. . . (ကောင်းပါတယ်ဘုရား)၊ သဘောကျပလား. . . (ကျပါပြီ ဘုရား)။

အဲဒီတော့ ဒီ ဒကာဒကာမတွေမှာလည်း သားနဲ့ သမီးနဲ့ ငွေနဲ့ ရွှေနဲ့ အိမ်နဲ့ ယာနဲ့နေကြတော့ ထိုက်တန်သလောက် ရှိကြတာဖြစ်တော့ ဒါလေးတွေ ဘယ်သူ့များပေးရပ့်၊ ဘယ်သူ့ ပေးခဲ့ရပ့်မလဲလို့ သေခါနီးမှာ လုပ်မနေကြပါနဲ့. . . (မှန်ပါ့)၊ သဘောကျပလား. . .(ကျပါပြီဘုရား)။

## ကိုယ့်ခန္ဓာကို ရှုပြီးသေပါ

ဒါတွေ စွဲကို စွဲမနေနဲ့ ကိုယ်ခန္ဓာကို ရှုပြီး သေဆိုတာလဲ သင်ထားတယ် . . . (သင်ထားပါတယ်ဘုရား) မသင်ထား ဘူးလား . . . (သင်ထားပါတယ်ဘုရား) ဘာလုပ်ရမှာတုံး . . . (ကိုယ့်ခန္ဓာကို ရှုရမှာပါဘုရား)။

ကိုယ့်ခန္ဓာကို ရှုပြီးသကာလ သေကြပါလို့ ပြောလိုက် တယ် . . .(မှန်ပါ့) ကိုယ့်ခန္ဓာကိုရှု၊ ကိုယ့်ခန္ဓာကိုမှန်း၊ ကိုယ့် အဆုံး ကိုယ်မြင်ပြီး သကာလ သေလိုက်လို့ရှိရင် ပုထုဇဉ်က သောတာပန်, သကဒါဂါမ်, အနာဂါမ်ဖြစ်ပြီး သေခါနီးဖြစ်နိုင်

ပါတယ်လို့ ဆိုတာလဲ ဖဂ္ဂုနတုန်းကလဲ သေသေချာချာ ဟောခဲ့ပါပြီ . . . (မှန်ပါ့)။

ရှုသေပါလို့ မပြောဘူးလား. . . (ပြောပါတယ်ဘုရား)၊ ကဲ- အဲဒါကတော့ ဘာကြောင့်တုံးဆိုလို့ရှိရင်ဖြင့်တဲ့၊ ဒကာဒကာမတို့၊ နိဗ္ဗာန်ကို မလာအောင်တားတဲ့အလုပ်လည်းဖြစ်သောကြောင့်၊ ကိုယ်ပိုင်အလုပ်လည်းဖြစ်သောကြောင့်၊ သခင်အလုပ်လည်းဖြစ်သောကြောင့် သခင်ဖြစ်သွားတယ်. . . (မှန်ပါ့)။

သူ ဝင်လာရင် ကုဏ္ဍလစ္စ ဝင်လာရင် ကျွန်ဖြစ်ပါတယ် . . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါတယ်ဘုရား)၊ ကဲ- ဒါဖြင့် သေခါနီးမှာ ဒကာ ဒကာမတို့၊ အကုသိုလ်တွေးဖို့ အရေးဟာလည်း ကိုယ့်အရေးမဟုတ်. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါတယ် ဘုရား)။

## ကိုယ့်အရေးက ဘာပါလိမ့်

မလုပ်ရသေးတဲ့အလုပ်၊ ကုသိုလ်တွေမလုပ်ရသေးပါလားလို့ စိုးရိမ်တဲ့အလုပ်ဟာလည်း. . . (ကိုယ့်အရေးမဟုတ်ပါဘူးဘုရား)၊ ကိုယ့်အရေးက ဘာပါလိမ့်မတုံး. . . (ကိုယ့်ခန္ဓာကိုယ်ရှုပြီး သေဖို့အရေးပါဘုရား)။

ကိုယ့်ခန္ဓာကိုယ် ဖြစ်ပျက်ရှုသေ. . . (မှန်ပါ့)၊ ကိုယ့်အရေးက ဘာပါလိမ့်. . . (ကိုယ့်ခန္ဓာကိုယ် ဖြစ်ပျက်ရှုသေဖို့ပါဘုရား)၊ ကိုယ့်ခန္ဓာကိုယ် ဖြစ်ပျက်ရှုသေပါ. . . (မှန်ပါ့)။

ကိုယ့်ခန္ဓာ အနိစ္စကိုမြင်အောင်လုပ်ပြီး သေပါလို့ဆိုတာကိုဖြင့် များစွာ တိုက်တွန်းပါတယ်. . . (မှန်ပါ့)၊ ရှင်းပလား . . . (ရှင်းပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် ကုဏ္ဍစ္စအကြောင်းဖြင့် ဦးလှဘူးရေ သေချာပလား. . . (သေချာပါတယ်ဘုရား)၊ ဒီနဂါးမင်း ဝတ္ထုထုတ်သဖြင့်လည်း. . . (သေချာပါပြီဘုရား)၊ သေချာတယ်နော် . . . (မှန်ပါ့)။

သူ့သာလာလို့ရှိရင်ဖြင့် အပါယ်လေးပါးဆိုတော့ တိရစ္ဆာန်ဘုံကလည်း အပါယ်လေးပါးထဲ တစ်ပါးအပါအဝင်ကိုဗျ . . . (မှန်ပါ့)၊ မနစ်နာသွားဘူးလား. . . (နစ်နာပါတယ်ဘုရား)။

အင်း. . . ဒါကြောင့် ပြန်တက်ဖို့ရာ ဘုရားတောင်မှ ကူ နိုင်သေးရဲ့လား. . . (မကူနိုင်ပါဘုရား)၊ ကိုင်း- ဒကာကြွယ်၊ ဒါလေး ဒေသနာမကြားခဲ့ရလို့ ကုသိုလ်လေးမလုပ်ခဲ့ရတာ နာလိုက်တာ. . . (မှန်ပါ့)။

ဒါလေးကြောင့် တစ်ခါတည်း အနှစ်-နှစ်သောင်း အားထုတ်တာတွေက ကယ်မယ့်ယူမယ့်လူ မလာဘဲနဲ့၊ ဒီကုဏ္ဍစ္စ

လေးက နေပြီးသကာလ တိရစ္ဆာန်ဘုံ ထိုးချလိုက်တာ ဒကာသစ်နာလိုက်တဲ့ဖြစ်ခြင်း. . . (မှန်ပါ့)။

အနှစ် နှစ်သောင်း အားထုတ်ထားတာတဲ့ဗျာ၊ ဓမ္မပဒ အဋ္ဌကထာမှာ ဒီအတိုင်းလာတယ်. . . (မှန်ပါ့)၊ မနာဘူးလား . . . (နာပါတယ်ဘုရား)။

## ကုက္ကုစ္စလာရင် ဖြစ်ပျက်ရှု

ကိုင်း- ဒါဖြင့် ဒကာ ဒကာမတို့ ကုက္ကုစ္စလာခဲ့သော် ဘယ့်နှယ်လုပ်ကြမတုံးမေးရင်ဖြင့် ဒီ ဒကာဒကာမတွေအားလုံး သိပါပြီ. . . (မှန်ပါ့)။

အေး- ကုက္ကုစ္စလာပြီ၊ ဒကာသစ် ဘယ့်နှယ်လုပ်မတုံး . . . (ဖြစ်ပျက်ရှုရမှာပါဘုရား)၊ အေး- သူ့အလျင်ရှု. . . (မှန်ပါ့)။ ဘာလုပ်ရမယ်. . . (သူ့အလျင်ဖြစ်ပျက်ရှုရပါမယ်ဘုရား)။ သူ့ အလျင် ဖြစ်ပျက်ရှုရမယ်ဆိုတာ သေချာပလား . . . (သေချာပါပြီဘုရား)။

ကောင်းပြီ၊ သူ့ဖြစ်ပျက်ရှုတာ ဘယ်ပါဠိတော်က လာပါလိမ့်ဆိုတော့ **"ဝိက္ခိတ္တစိတ္တံ ဝိက္ခိတ္တစိတ္တန္တိ ပဇာနာတိ"** ဝိက္ခိတ္တစိတ္တံ-ဝိက္ခိတ္တစိတ်ကို၊ ဝိက္ခိတ္တစိတ္တန္တိ-ဝိက္ခိတ္တစိတ်ဟူ၍၊ ပဇာနာတိ-ဖြစ်ပျက်မြင်အောင် သိအောင်ရှု။

သူ့ကို ဖြစ်ပျက်ရှုပစ်ပါလို့ သေသေချာချာဟောပါ တယ် . . . (မှန်ပါ့)၊ ကိုင်း- ဒါဖြင့် ဝိက္ခိတ္တစိတ္တံ ဝိက္ခိတ္တစိတ္တန္တိ ပဇာနာတိ၊ ဝိက္ခိတ္တစိတ္တံ-ပျံ့လွင့်တဲ့စိတ်ကို၊ ငါ-ကုက္ကုစ္စနဲ့ ရောတဲ့ဖြစ်တဲ့စိတ်ကို၊ ပဇာနာတိ-ဖြစ်ပျက်သိအောင်ရှု . . . (မှန်ပါ့)၊ သူ့ကို ဖြစ်ပျက်ရှုပစ်ပါ. . . (မှန်ပါ့)။

ဝိက္ခိတ္တန္တိ ဥဒ္ဓစ္စ ကုက္ကုစ္စံလို့ အဋ္ဌကထာ ဆရာများဖွင့် သောကြောင့် ဥဒ္ဓစ္စကုက္ကုစ္စဟာ တွဲပြီးဝင်လာတယ်. . . (မှန်ပါ့)၊ တွဲပြီးဝင်လို့ရှိရင်ဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဒီနှစ်လုံး ဘာလုပ်ရမတုံး. . . (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

## ကြိုက်တဲ့ကမ္မဋ္ဌာန်းရှု

ကိုင်း- သူ့ကို မနိုင်နိုင်အောင်ရှုနော်. . . (မှန်ပါ့)၊ မနိုင် နိုင်အောင် စိတ္တာနုပဿနာ သတိပဋ္ဌာန်ပါဠိတော်က သူ့ကို မနိုင် နိုင်အောင်ရှုပါလို့ သေသေချာချာဟောပြီးသည်နောက်မှ တပည့် တော်တို့ ဘာလုပ်မှာတုံးမေးတော့မှ ဒကာ ဒကာမတို့ ကြိုက်တဲ့ ကမ္မဋ္ဌာန်းရှု. . . (မှန်ပါ့)။

သူ့ မနိုင်ဘဲနဲ့တော ကြိုက်တဲ့ကမ္မဋ္ဌာန်းဘက် မလိုက် ပါနဲ့ . . . (မှန်ပါ့)၊ သူ့ကို မနိုင်နိုင်အောင် စစ်လိုက်ပါဦး. . . (မှန်ပါ့)။ ဘယ်သူ့အလျင်ရှုရမယ်. . . (ကုက္ကုစ္စကို အလျင် ရှုပါမယ်ဘုရား)။

ကုက္ကုစ္စလာရင် ကုက္ကုစ္စဖြစ်ပျက်ရှု၊ ကုက္ကုစ္စဖြစ်ပျက် ချည်းရှု. . . (မှန်လှပါဘုရား)၊ သူက အရှုခံလာတာကော သေချာပလား. . . (သေချာပါတယ်ဘုရား)။

ခင်ဗျားတို့အတွက်ဟာ ဒကာကြွယ်အများကြီးစိုးရိမ် တယ်နော်. . . (မှန်ပါ့)၊ ဒီကုက္ကုစ္စက သေခါနီး နဖူးပေါ် လက်တင် ဆရာဝန်လက်လျှော့တဲ့ ဝေဒနာ ကိုယ်ထဲရတော့မှ ဒီသားဘယ်လိုနေရစ်မလဲ၊ ဒီသမီး ဘယ်လိုနေရစ်မလဲဆိုတာ တွေ မလာဘူးလား. . . (လာပါတယ်ဘုရား)၊ ပြီးပြီးသား ဒုစရိုက်တွေလည်း . . . (ပြန်လာပါတယ်ဘုရား)။

## ဒါတွေလာရင် ဖြစ်ပျက်ရှု

အေး- အင်း၊ သူတို့ ရှင်လည်းမပြုရသေးပါလားဆိုတဲ့ ကုက္ကုစ္စကကော. . . (လာပါတယ်ဘုရား)၊ အင်း- ဒါတွေ လာရင် ဘာလုပ်ကြမယ်. . . (ဖြစ်ပျက်ရှုရမှာပါဘုရား)၊ နိုင်အောင်ရှုနော် . . . (မှန်ပါ့)။

မရှုနိုင် နဂါးဖြစ်ဖို့ သေချာတာပဲ. . . (မှန်ပါ့)၊ နဂါးဘဝ တော့ သေချာတာပဲ၊ ဖားစိမ်းစား၊ ငါးစိမ်းစားအဖြစ်နဲ့ ဘယ်တော့မှ မကျွတ်နိုင်ဘူး. . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

အင်မတန်ကြောက်စရာမကောင်းဘူးလား. . . (ကောင်းပါတယ်ဘုရား)၊ အေး- ဒါကြောင့် ဘယ်လင်, ဘယ်သား, ဘယ်ပစ္စည်း, ဘယ်မယားရယ်လို့ ဒကာကြွယ်ရေ မလာစေနဲ့နော်. . . (မှန်ပါ့)၊ မလာစေနဲ့ မလာစေနဲ့. . . (မှန်ပါ့)။

ဒီအချိန်မှာ အရေးကြီးတဲ့အချိန်. . . (မှန်ပါ့)၊ အရေးကြီးတဲ့အချိန်မှာ သူက ဝင်နှောင့်ယှက်ပြီး သူကဝင်ပြီး ကျောင်းဆောက်တဲ့ကုသိုလ်တွေ အကျိုးပေးမခံဘူး၊ ငါအလျင်အကျိုးပေးမယ်ဆိုပြီး ဝင်လာတယ်. . . (မှန်ပါ့)။

## အာသန္နကံဆိုတာ

ဘယ်လောက်ဆိုးရွားတာတုံး. . . (ဆိုးရွားပါတယ်ဘုရား)၊ သဘောပါပလား. . . (ပါပါတယ်ဘုရား)၊ အဲဒီတော့ သူက ဘာလာဖြစ်လာတုံးဆိုတော့ အာသန္နကံလာဖြစ်တာ . . . (မှန်ပါ့)၊ အာသန္နကံဆိုတာ သေခါနီးနဲ့ နီးတယ်ကွ၊ စုတိစိတ်နဲ့ နီးတယ်ကွ. . . (မှန်ပါ့)။

ဘာလာဖြစ်တာတုံး. . . (အာသန္နကံလာဖြစ်တာပါဘုရား)၊ အာသန္နကံလာ့ဖြစ်လာတယ်၊ ဘယ်သူနဲ့နီးပါလိမ့်၊ စုတိစိတ်နဲ့နီးပါတယ်၊ စုတိစိတ်နဲ့နီးတဲ့ ကုက္ကုစ္စ ဖြစ်မလာဘူးလား၊ အဲဒီတော့ ဥပမာလေးတစ်ခု ဒကာ ဒကာမတွေက မှတ်လိုက်ပါတော့ အလျင်ဟာတွေက မကယ်နိုင်တာ ဘာကြောင့်ပါတုံးဘုရား။

သူတို့က လာပါတော့လားဆိုတော့ ခင်ဗျားတို့က ဒီဘက်သွား အာရုံပြုတာကိုး. . . (မှန်ပါ့)၊ အလျှင် ပြုထားတဲ့ အနှစ်နှစ်သောင်းအားထုတ်ထားတဲ့ သီလတွေ ပြန်စစ်ဆေးနေ၊ ဘာကိစ္စရှိတုံး၊ အခုတော့ ဒီဟာတွေ ပြန်မအောက်မေ့ဘူး၊ ခင်ဗျားတို့ လည်း ဝိပဿနာရှုဖို့တော့ မအောက်မေ့ဘူး။

သားလေး ဘယ်လိုနေရစ်မယ်၊ သမီးလေး ဘယ်လိုနေရစ်မယ်၊ ငါ ရေအိုးစင်လေးတည်မယ်လို့ဟာ မတည်ဖြစ်သေးဘူး၊ မဟုတ်တာတွေက လာနေတယ်. . . (မှန်ပါ့)။

## ကုက္ကုစ္စက သေပေါက်ဝနဲ့နီးတယ်

ကုက္ကုစ္စကပဲ လာနေတော့ လာသင့်တာ လာတာလား၊ မလာသင့်တာ လာတာလား. . . (မလာသင့်တာ လာနေတာပါဘုရား)။

အဲဒီတော့ သူက သေပေါက်သေဝနဲ့ ဘယ့်နှယ်နေတုံး . . . (နီးနေပါတယ်ဘုရား)၊ အဲ့ဒါကြောင့် သူကအလျှင်အကျိုးပေးချလိုက်တယ်. . . (မှန်ပါ့)။

လောကီ ဥပမာနဲ့ပြောလို့ရှိရင် ခင်ဗျားတို့ ပိုမို ရှင်းပါလိမ့်မယ်. . . (မှန်ပါ့)၊ ဒီဥပမာလေးကို ခင်ဗျားတို့ သေသေချာချာမှတ်ကြပါ. . . (မှန်ပါ့)။

နွားအို, နွားပျို, နွားငယ် ညနေ နွားကျောင်းသား နွား တစ်ရာလောက် မောင်းပြီးတော့ ခြံထဲ သွင်းလိုက်တယ်၊ နွား ကျောင်းသားလည်း အိမ်ပြန်ဖို့အရေးကလည်း အင်မတန် ကြီး ပါတယ်. . . (မှန်ပါ့)၊ နွားကျောင်းတာကို. . . (မှန်ပါ့)၊ ဒီနွားကွေ ခြံထဲပိတ်ပြီးမှ သူပြန်ရမှာဖြစ်နေတော့ နွားတွေ မောင်းသွင်းလိုက် တယ်။

အတင်းရိုက်သွင်းတာ ဘယ်လိုပင်ရိုက်သွင်း ရိုက်သွင်း နွားအိုတွေကတော့ မှန်မှန်ပဲ သူ သွားမှာပဲ သူအားရှိသလောက် သွားမှာ. . . (မှန်ပါ့)။

## နွားပျိုတွေရှေ့ကပြေးတယ်

ခုနက နွားပျိုလေးတွေ နွားလတ်လေးတွေကျတော့ အလျင်ရောက်အောင်ပြေးတာ၊ အလျင်ရောက်အောင်ပြေးတော့ နွားခြံနောက်ဖေးဘက်ချည်း အဝေးဘက်ချည်း ရောက်သွားတာ ပေါ့ဗျာ. . . (မှန်ပါ့)။

ခြံထဲမှာ အပေါက်နဲ့ ဝေးတဲ့ဆီဘက်ချည်း ရောက် ရောက်သွားတာပေါ့ဗျာ. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါ တယ်ဘုရား)၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

## နွားအိုတွေက ခြံဝနဲ့နီးတယ်

နွားအိုကြီးတွေကတော့ ဘယ်လောက်ရိုက်သွင်းသွင်း နဂိုကမှ ခပ်နွဲ့နွဲ့ဖြစ်နေတော့ မသွားနိုင်ဘူး၊ မသွားနိုင်တော့ ဒီအပေါက်ဝနားတွင်ပဲ သူတို့သည် တံခါးပိတ်ပြန်သွားတော့ သူတို့က အပေါက်ဝအိပ်ရတဲ့ နွားအိုကြီးတွေ. . . (မှန်ပ့ါ)။

နွားပျိုနွားသန်တွေက ဟိုကျယ်ကျယ်ဝန်းဝန်းမှာ သွားအိပ်တယ်. . . (မှန်ပ့ါ)၊ ဒါဖြင့် တံခါးပိတ်ပြီး နွားကျောင်းသားက ပြန်ရော၊ နက်ဖြန်မနက် သူနွားကျောင်းဖို့ အလုပ်လုပ်တဲ့အခါ ခြံဖွင့်လိုက်တဲ့အခါကျတော့ ဒကာသစ်တို့၊ ဒကာကြွယ်တို့ ဦးလှဘူးတို့ စဉ်းစားပါ၊ ဘယ်သူ အလျင်ထွက်မလဲ. . . (နွားအိုကြီး တွေက အလျင်ထွက်ရပါတယ်ဘုရား)။

နွားအိုကြီးတွေက အလျင်ထွက်ရမယ်. . . (မှန်ပ့ါ)၊ ဘာဖြစ်လို့တုံး၊ ခြံပေါက်နဲ့နီးလို့. . . (မှန်ပ့ါ)၊ သဘောကျပလား . . . (ကျပါတယ်ဘုရား)၊ ဒီမှာလည်း ခင်ဗျားတို့ ဒီအပြင်ကုသိုလ်တွေက အကျိုးပေးဖို့တွေ အများကြီးရှိပါသေးတယ် . . . (မှန်ပ့ါ)။

## ကုဏ္ဍုစ္စက သေခါနီးမှာလာတယ်

သို့သော် ခြံပေါက်နဲ့နီးတဲ့ ကုဏ္ဍုစ္စက သေခါနီးမှလာပြီး ကန့်ကွက်ချလိုက်တယ်. . . (မှန်ပ့ါ)၊ ဒါကြောင့် သူက အလျင်

အကျိုးပေးချလိုက်တယ်. . . (မှန်ပါ့)၊ သူက ဟိုဘဝ ထွက်ပေါက်နဲ့ သွားနီးတာ. . . (မှန်ပါ့)၊ ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

ဩော်- ဒါဖြင့် ဒီဥပမာအတိုင်းပဲ ဒီပြင်ကုသိုလ်တွေက အဝေးရောက်နေတယ်၊ သူက အနီးရောက်နေတော့ ဒီဘဝက ဟိုဘဝထွက်ဖို့ကျတော့ သူကနေ အလျင်ထွက်ပြီး အကျိုးပေးချလိုက်တယ်. . . (မှန်ပါ့)၊ ဘယ်လောက် ကြောက်စရာကောင်းတုံး . . . (ကောင်းပါတယ်ဘုရား)။

ကိုင်း- ဒကာ ဒကာမတို့ စဉ်းစားမိကြပလား. . . (မှန်ပါ့)၊ သူက အလျင်ဝင် အကျိုးပေးတယ်၊ နွားအိုကြီးတွေလိုပေါ့ဗျာ. . . (မှန်ပါ့)၊ ထွက်တော့ သူက အလျင်ထွက်တယ်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

လောကီဥပမာမှာ သူတို့ပိတ်နေတော့ ဟိုနွားတွေက ထွက်လို့ရရဲ့လား၊ ဒါဖြင့် သူတို့က အလျင်ထွက်ရမယ်ဆိုတာ မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)။

ဘာကြောင့်တုံးလို့မေးတော့ ဘယ့်နှယ်ဖြေကြမယ်. . . (ခြံပေါက်နဲ့နီးလို့ပါဘုရား)။

## ခြံပေါက်နဲ့နီးလို့

ခြံပေါက်နဲ့ နီးလို့. . . (မှန်ပါ့)၊ ဒကာ ဒကာမတွေ၊ ဘယ့် နှယ်ကြောင့်ပါလိမ့်. . . (ခြံပေါက်နဲ့နီးလို့ပါဘုရား)၊

ရှင်းပလား. . . (ရှင်းပါပြီဘုရား)၊ ဒါဖြင့် ခင်ဗျားတို့ ဒီဘဝ ကနေ ဟိုဘဝကို ထွက်ပေါက်နဲ့ မနီးဘူးလား . . . (နီးပါတယ်ဘုရား)။

ကုက္ကုစ္စလေ. . . (မှန်ပါ့)၊ ထွက်ပေါက်နဲ့နီးတဲ့ ကုက္ကုစ္စ ဖြစ်လေသောကြောင့် ဟို အနှစ် နှစ်သောင်းက အဝေးရောက် နေတယ်၊ တရားအားထုတ်တာက. . . (အဝေးရောက်နေ တာပါဘုရား)။

ခုနက ပိန်းရွက်ကလေး ဆွဲထားတဲ့အပြစ်ကလေးက . . . (အနီးကပ်နေပါတယ်ဘုရား)၊ အနီး ထွက်ပေါက်နား ရောက်နေတော့ ဖျတ်ဆို သူထပြီး နဂါးအဖြစ် အကျိုးပေး ချလိုက်တယ်. . . (မှန်ပါ့)၊ ပေါ်ကြပလား. . . (ပေါ်ပါပြီ ဘုရား)။

ဒါဖြင့် ကုက္ကုစ္စဟာ ဒကာသစ်၊ ဒကာကြွယ် သိပ်ကြောက်စရာကောင်းတဲ့ တရား. . . (မှန်ပါ့)၊ ဦးလှဘူး ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)၊ ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ၊ ဒီအချိန် ဘာလုပ်ကြရမယ် . . . (ဖြစ်ပျက်ရှု ပါမယ်ဘုရား)။

ကိုယ့်ခန္ဓာ ဝေဒနာလာ ဝေဒနာဖြစ်ပျက်ရှုပေါ့ဗျ. . . (မှန်ပါ့)၊ စိတ်လာရင်. . . (စိတ်ဖြစ်ပျက်ရှုရမှာပါဘုရား)၊ ရှုသေ တာသာ အကောင်းဆုံးပဲ. . . (မှန်ပါ့)၊ ဒီအပြင် ကြားတွေထဲ အတိုးမခံပါနဲ့၊ ဥဒ္ဒစ္စတွေ ကုက္ကုစ္စတွေ မလာစေပါနဲ့။

မဂ်တား, ဖိုလ်တားနဲ့ အပါယ်သွားရအောင်လုပ်မလို့ . . . (မှန်ပါ့)၊ တကယ်လို့ ရှုသေတော့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရဦး မှာကိုး. . . (မှန်ပါ့)၊ သူတို့ လာလိုက်တော့ မဂ်တား, ဖိုလ်တား အပါယ်သွား. . . (မှန်ပါ့)။

ဘယ်လောက်များ ကြောက်စရာကောင်းတုံး. . . (မှန်ပါ့)၊ ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)၊ ဒါ သံဝေဂ ရအောင်လို့ ဟောတဲ့တရားမဟုတ်ဘူးတဲ့၊ ဖြစ်စဉ်ကိုက် ယနေ့ ပြောနေတယ် မှတ်ပါ. . . (မှန်ပါ့)၊ ဘာ့ဟောတာပါလိမ့် . . . (ဖြစ်စဉ်ကိုက် ဟောတာပါဘုရား)။

## ဖြစ်စဉ်ကိုက်တရားသာအမှန်ထားပါ

ဒါဖြင့် ဖြစ်စဉ်ကိုက်ဆိုတာ ဒကာကြွယ် ဘယ်သူ့မှ ငဲ့နေ တဲ့တရားမဟုတ်ဘူး. . . (မှန်ပါ့)၊ ဟောဖြစ်စဉ်ကဖြင့် ဒီအတိုင်း ပဲ. . . ဒကာ ဒကာမတွေ၊ ရှောင်ချင်ရှောင် ရှားချင်ရှား မရှား သွားဘဲ. . . (မှန်ပါ့)၊ ဒါ ဖြစ်စဉ်ကိုက်ပြောတဲ့ တရားပဲ . . . (မှန်ပါ့)။

တစ်ခါ. . . ချော့တရား မော့တရားတွေ ဆိုတာ ကတော့ဖြင့် ခင်ဗျားတို့ မတော်ဘူးနော်. . . (မှန်ပါ့)၊ မတော် ဘူးတဲ့။

၅၂ * နောက်တုန်းကဟာတွေ မအောက်မေ့နဲ့.

ဖြစ်စဉ်ကိုက်ပြောတဲ့တရားသာ အမှန်ထားပေတော့ . . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)၊ ဒါဖြင့် ကုက္ကုစ္စဟာ ဒကာသစ် သိပ်ကြောက်စရာကောင်းတယ်နော် . . . (ကောင်းပါတယ်ဘုရား)။

မဂ်ဉာဏ်, ဖိုလ်ဉာဏ်အားထုတ်တော့မယ်ဆိုရင်ဖြင့် သူ လာပြီ. . . (လာပါတယ်ဘုရား)၊ သေပေါက်သေဝနီးရင် . . . (လာပါတယ်ဘုရား)၊ ချက်ကောင်းမှလာတယ် ဒကာ ဒကာမ တွေ၊ ဘယ်အချိန်လာပါလိမ့် . . . (သေပေါက်သေဝ ချက်ကောင်းမှ လာပါတယ်ဘုရား)။

သေပေါက်သေဝမှာလာပြီး တရားအားထုတ်တော့မယ် ဆိုရင်. . . (လာပါပြီဘုရား)၊ အင်း- ဒီပြင်အချိန် လာပါတော့ ကိုယ်တော်ကြီးလို့ ပြောပါလား၊ ဒီပြင်အချိန် လာကိုမလာဘူး . . . (မှန်ပါ့)။

ဒီအချိန်မှ ကြိုးကြိုးစားစားလာတယ်. . . (မှန်ပါ့)၊ ဒါဖြင့် ဒကာ ဒကာမတို့ သိပ်မဆိုးရွားဘူးလား. . . (ဆိုးရွား ပါတယ်ဘုရား)၊ သဘောကျပလား.. . . (ကျပါပြီဘုရား)။

## အကြီးဆုံးရန်သူ

ဒါဖြင့် ဒကာသစ်ရေ အကြီးဆုံးရန်သူ ဘယ်သူပါလိမ့် . . . (ကုက္ကုစ္စပါဘုရား)၊ ရှင်းပြီနော်. . . (ရှင်းပါတယ်ဘုရား)။

အမယ်လေး ဦးလှဘူးရေ ဒီလိုပုဂ္ဂိုလ်တွေ သေချင်းဆိုးများလိမ့်မယ်ဆိုတာ ခင်ဗျားတို့ ကိုယ်ပိုင်ဉာဏ်နဲ့ တွေးကြည့်ပေတော့. . . (မှန်ပါ့။)

ဒကာကြွယ် ဒါတွေများ အလာမများဘူးလား. . . (များပါတယ်ဘုရား)၊ အေး- တချို့များ ဒကာဒကာမတို့ ဝိညာဉ်မချုပ်နိုင်လို့ ကုက္ကုစ္စ နှိပ်စက်နေတယ်. . . (မှန်ပါ့)။

တစ်ရက်နှစ်ရက်များ အို- ဝိညာဉ် မချုပ်ဘူး ဘာဖြစ်ပါလိမ့်၊ သွေးတွေလည်း ဆုတ်ကုန်ပြီ. . . (မှန်ပါ့)၊ ဒီကုက္ကုစ္စခံနေတာ. . . (မှန်ပါ့)။

ကုက္ကုစ္စက ဟိုတွေးဒီတွေး တွေးနေတော့ ကုက္ကုစ္စက ကုက္ကုစ္စတွေက တွေးလုံးထုတ်ပြီးသကာလ ဒါနဲ့ပဲ သက်ဆိုးရှည် . . . (မှန်ပါ့)။

ဝိညာဉ်က ချုပ်နိုင်ရဲ့လား. . . (မချုပ်နိုင်ပါဘုရား)၊ တယ်လည်း ဆိုးရွားပါလား. . . (ဆိုးရွားပါတယ်ဘုရား)၊ နောက်ကျတော့ ချုပ်မယ့်ချုပ်ပြန်တော့လည်း ဒကာ ဒကာမတို့ ခင်ဗျားတို့ အပါယ်ရောက်သွားတယ်. . . (မှန်ပါ့)၊ ချုပ်တော့လည်း . . . (အပါယ်ရောက်သွားပါတယ်ဘုရား)။

လွန်လှချည့်လား. . . (မှန်ပါ့)၊ ကိုင်း- တချို့ ဒကာ ဒကာမတွေ အဲဒီတော့ သေခါနီးများ ဩော်- ဆွေမျိုးများမလာလို့ ထင်ပါရဲ့ အမယ်လေး တွေးလိုက်သေးတယ်။

ဆွေမျိုးလာရင် အပါယ်ကျရှာတော့မယ်၊ ဆွေမျိုးလာ တော့လည်း လာကြသလားလို့ မေးနိုင်တော့တာမဟုတ်ဘူး . . . (မှန်ပါ)၊ ဘေးက လူက လောကွတ်ချော်ပြီး ဘယ်သူ ရောက်လာပြီလို့ အော်ငိုနေတာ. . . (မှန်ပါ့)။

အော်ပြန်တော့ တကယ်လို့များ ကြားသွားတော့ ဩော်- သူတို့နဲ့ခွဲရတော့မယ်ဆိုတော့ ကုက္ကုစ္စက လိုက်လာ လိမ့်မယ်၊ လာလိုက်တော့ သွား ဒယ်အိုးထဲကို. . . (မှန်ပါ့)။

## အကျည်းတန်တဲ့အလုပ်

ဒီဥစ္စာ ဘေး က လူတွေကလည်း အတော်ချော်တယ် ဗျာ၊ မချော်ဘူးလား. . . (ချော်ပါတယ်ဘုရား)၊ ဘေးကလူလာ လည်း အရုပ်ဆိုး အကျည်းတန်တဲ့အလုပ်ကို အတော်လုပ်ပေး လေ့ရှိတယ်. . . (မှန်ပါ့)။

တချို့ ဒီဝိညာဉ်မချုပ်နိုင်လို့တဲ့ ကူးတို့ခလေး ထည့်လိုက်မှ ထွက်သွားပြီတဲ့၊ အမယ်လေး သွားပြီ ဒကာ ဒကာမတို့၊ ရိုးရိုး မသာထက် ဆိုးသွားတာပေါ့၊ မဆိုးဘူးလား . . . (ဆိုးပါ တယ်ဘုရား)။

တချို့ သေမယ်ကြံလို့ရှိရင် သေမှာကလည်း သေသေ ချာချာသိ၊ ငွေလုံးလေးတွေ ရွှေလုံးလေးတွေ လျှောက်ပြီး အကုန်ပါးစပ်ထဲ အတင်းထည့်တော့တာပဲ ဘယ်လောက်များ ဆိုးကုံး. . . (ဆိုးပါတယ်ဘုရား)။

ဒီမှာလည်း ဒကာ ဒကာမတွေက ကူးတို့ခလေးလိုလို့ ထင်ပါရဲ့ မထွက်နိုင်ဘူး အစရှိသည်နဲ့ ကြမ်းအောက် ဩဇာရွက်များ ထိုးဦးမှထင်ပါရဲ့ ဖြစ်မှဖြစ်ရလေ။

ဟိုကနာလှ ကျင်လှတယ် နာတဲ့အထဲ ဒေါသနဲ့ သေအောင်လို့. . . (မှန်ပါ့)၊ ထွက်သက် ဝင်သက် ပိတ်သေအောင်လို့ . . . (မှန်ပါ့)။

## မဟုတ်တာတွေဖြင့်မလုပ်ရစ်ကြပါနဲ့

ဒကာကြွယ် မသိတဲ့ပုဂ္ဂိုလ်ကြားမှာ သေရတာ ခုကတည်းကကြောက်ထားစမ်းပါအုံး၊ မှာကြအုံးဗျ ခင်ဗျားတို့ "မဟုတ်တာတွေဖြင့် မလုပ်ရစ်ကြပါနဲ့ကွာ" လို့ "ငါ့ကို လျစ်လျူရှုထားလိုက်စမ်းပါ" ခုကတည်းက မှာထားကြ . . . (မှန်ပါ့)။

သေရမယ့်လူတွေကတော့ အကုန်ပဲဆိုတာ သေချာပလား . . . (သေချာပါတယ်ဘုရား)၊ အဲဒီတော့ သားတွေ, မယားတွေက ဟိုကလက်တို့ ဒီကလက်တို့နဲ့ "ညည်း ခင်ပွန်းသည် အသက်မထွက်နိုင်တာ သိရဲ့လား၊ ဘယ်လို, ညာလို" ဟိုး-ရှုပ်လို့ . . . (မှန်ပါ့)၊ သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)။

အဲဒီလို ရှုပ်တာတွေကို ဒကာကြွယ် လက်ခံမနေနဲ့နော် . . . (မှန်ပါ့)၊ စောစောစီးစီးကတည်းက မင်းတို့ မယောင်ကြ

ပါနဲ့ကွာ၊ ငါ့ဟာငါ တရားနှလုံးသွင်းပြီး သေပါ့မယ်၊ ဘယ်အကူအညီမှ မပေးကြပါနဲ့ . . . (မှန်ပါ့)။

## ဆာမယ်ထင်ပြီး ရေမတိုက်ပါနဲ့

ဒါ လူတိုင်း မှာရမယ် . . . (မှန်ပါ့)၊ သားတွေ, မယားတွေ ဘယ်အကူအညီမှ မပေးနဲ့၊ ရေလေး ဆာမယ်ထင်ပြီး ရေလည်းမတိုက်ပါနဲ့၊ သူ့ဟာသူဆာ, သူ့ဟာသူတိုက်၊ တိုက်ကို မတိုက်စေနဲ့ ကိုယ်ကလည်း တစ်လုံးတည်း၊ ဝေဒနာ နုပဿနာ တစ်လုံးတည်းရှု။

ဒုက္ခဝေဒနာလာလဲ ဒုက္ခဝေဒနာ ဖြစ်ပျက် နှလုံးသွင်း ဒုက္ခဝေဒနာလာရင် . . . (ဒုက္ခဝေဒနာဖြစ်ပျက် နှလုံးသွင်းရပါမယ်ဘုရား)၊ ဒုက္ခဝေဒနာဖြစ်ပျက်နှလုံးသွင်းပါ . . . (မှန်ပါ့)၊ သဘောပါကြပလား . . . (ပါ,ပါပြီ ဘုရား)။

## သောတာပန်တည်နိုင်တယ်

နှလုံးသွင်း သေချာတဲ့အခါကျတော့ ဝေဒနာက ဖြစ်ပျက်၊ နောက်-ဝေဒနာတွေမုန်း၊ နောက်-ဝေဒနာတွေ ဆုံးသွားတဲ့ အခါကျတော့ သောတာပန်, သကဒါဂါမ်, အနာဂါမ် တည်နိုင်တယ် . . . (မှန်ပါ့)။

ဘေးက မသူတော်တွေ ဝိုင်းပြီး သူပြောလူပြောနဲ့ ခြေတို့ လက်တို့တွေနဲ့ဆို သွားပြီ . . . (မှန်ပါ့ဘုရား)၊ သိပ်ကြောက်စရာ မကောင်းဘူးလား . . . (ကောင်းပါတယ် ဘုရား)။

ဦးလှဘူးရေ မဟုတ်တဲ့ အကြံအစည်တွေပေးတဲ့ ပုဂ္ဂိုလ် တွေကလည်း တစ်ပုံကြီးပဲနော်. . . (မှန်ပါ့)၊ ဒကာကြွယ် မှာမလား . . . (မှန်ပါ့)၊ မှာရမယ်၊ ဒကာသစ်ကော မှာရဲလား . . . (မှာရဲပါတယ်ဘုရား)။

မှာရမယ်တဲ့ ကိုယ့်အရေး၊ ဟို-မဟုတ်တဲ့လူက လာပြီး သကာလ မတရားတွေ ပောာနေရင် မခက်ဘူးလား . . . (ခက်ပါတယ်ဘုရား)။

အဲဒီတော့ကို ဒါလူမိုက်တွေကြားထဲမှာ သူတော် ကောင်း တစ်ယောက်သေဖို့ရာ သူယုတ်မာသေ ဖြစ်သွားမှာ မစိုးရပေဘူးလား . . . (စိုးရပါတယ်ဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့ ဒီအရေးဟာ သာမည ကြီးတဲ့ အရေးမဟုတ်ဘူး . . . (မှန်ပါ့ဘုရား)။

နဂိုက ကုဏ္ဍစ္စမရှိဘူး၊ သူတို့လာတာနဲ့ ကုဏ္ဍစ္စက ဝင်လာတယ် . . . (မှန်ပါ့)၊ သူ့လဲ ငွေရင်းမပေးခဲ့ရတာ၊ ဟော . . . ကုဏ္ဍစ္စက လာချင်လာမယ်။

ဒီတော့ ဘယ်သူတွေ ဘယ်သူတွေ လာတယ်၊ တူလေး လာတယ်၊ အစ်မလေးလာတယ်၊ နှမလေးလာတယ်၊ ခုပဲ ချက်ချင်း မော်တော်ကားနဲ့ဆိုက်လာတယ်၊ နားနားကပ်ပြီး

အော်လိုက်သေး . . . (မှန်ပါ့)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)၊ အတော်မဆိုးဘူးလား . . . (ဆိုးပါတယ်ဘုရား)။

အဲဒီတော့ လူမမာက ဩော် လာရှာသကိုးလို့၊ လာရှာသကိုးလို့ဆိုရင်ပဲ သူ့ကိုလဲဘာမှမပြောခဲ့၊ ဘာမှ မမှာရှာခဲ့ရဆိုတဲ့ ကုက္ကုစ္စက မလာပေဘူးလား . . . (လာပါတယ်ဘုရား)။

အဲ-လာသည်နှင့် တစ်ပြိုင်နက် ဝိညာဉ်ချုပ်သွား ဒယ်အိုးဆီကို . . . (မှန်ပါ့)၊ ဒီ့ပြင် ဘယ်မှသွားစရာမရှိဘူး၊ ရှိသေးရဲ့လား . . . (မှန်ပါ့)။

## လူယုတ်မာသေတော့မဖြစ်ပါစေနဲ့

အဲဒါကြောင့် ယနေ့အရေးမှာ ဒကာ ဒကာမတို့ သူယုတ်မာသေတော့ မဖြစ်ပါစေနဲ့ . . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

ကိုယ့်ပတ်ဝန်းကျင်ကလည်း သူတော်ကောင်းဖြစ်ကြပါစေ၊ သူတော်ကောင်းမရှိလို့ရှိရင် ကိုယ့်တရားနှလုံးသွင်းသေကြပါ . . . (မှန်ပါ့)။

လူမိုက်တွေအနားခြံရံပြီး သေရမယ်ဆိုရင်ဖြင့် မဂ်မဆိုက်၊ ဖိုလ်မဆိုက်တဲ့ ပုဂ္ဂိုလ်အတွက်မှာ စိုးရိမ်ရတယ် . . . (မှန်ပါ့)။

မဂ်ဆိုက် ဖိုလ်ဆိုက် ပုဂ္ဂိုလ်အတွက်မှာ ဘယ်သူကဘာပြောလို့ ဘာနေနေ သူက ဒုတိယ ဂတိတော့ လားရာ

သုဂတိ မြဲသွားပြီ သူ့အတွက်ကျတော့လည်း စိုးရိမ်စရာ မရှိဘူးတဲ့ . . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

## သူတော်ကောင်းဖို့အရေးကြီးတယ်

အဲ-ပုထုဇဉ်အဖြစ်နဲ့ သေတဲ့ပုဂ္ဂိုလ်အတွက်မှာဖြင့် အခြေအရံ ဘေးကသူတော်ကောင်း တော်တော်အရေးကြီးတယ် . . . (မှန်ပါ့)၊ မရှိလို့ရှိရင် သူ့ဟာသူ သူတော်ကောင်းဖို့ အရေးကြီးတယ် . . . (မှန်ပါ့)။

ကိုယ့် သူတော်ကောင်းအလုပ်ကို ဘေးက လာ မရှုပ်ဖို့ရာ နဲ့ကတည်းက ကာကွယ်ထားပါ . . . (မှန်ပါ့)၊ ဦးလှဘူး အရေးမကြီးဘူးလား . . . (ကြီးပါတယ်ဘုရား)။

အဲဒီ အရေးကြီးတဲ့အချက်တွေဟာ မတွေ့ရမယ့်လမ်း ပြောတာလား၊ တွေ့ရမယ့်လမ်း ပြောတာလား . . . (တွေ့ရမယ့် လမ်းပြောတာပါဘုရား)၊ တွေ့ရမယ့်လမ်း၊ ပြောတော့ ဟိုကလဲ ဖြုန်းခနဲလဲ ဝိညာဉ်မချုပ်တဲ့အချိန် -

## ဝိညာဉ်ဆိုတာ

ဝိညာဉ်ဆိုတာ ဖြုန်းခနဲလဲ ချုပ်တာလဲရှိတယ်၊ မချုပ်တာလဲရှိတယ် . . . (မှန်ပါ့)၊ တချို့ မချုပ်တာတွေကျတော့ ဒကာ ဒကာမတို့ ကံက စီမံနေတာဗျ၊ သူ့ကို အပါယ် ပစ်ချ

ရမှာလား၊ နတ်ရွာသုဂတိလား၊ ရုက္ခစိုးလောက်လား၊ ဒီ-ဝေဖန်လို့ မရတာနဲ့ ကြာနေတာ . . . (မှန်ပါ့)။

အဲ-ကံက ဝေဖန်လို့မရ သူက ပစ်ချရမယ့် ဘက်ကကိုး ဗျာ့၊ အဲဒီ ပစ်ချရမယ့်ဘက်က နေရပြားသော်လည်း ဝေဖန်လို့က မရသေး . . . (မှန်ပါ့)။

ဝေဖန်လို့မရတဲ့ အခါကျတော့ နိမိတ်တွေက အမျိုးမျိုး၊ တော်တော်ကြာ နတ်နိမိတ်တွေ ထင်လာ၊ တော်တော်ကြာ တိရစ္ဆာန်နိမိတ်တွေထင်လာ . . . (မှန်ပါ့ဘုရား)။

## ကံက ဝေဖန်လို့မရသေးလို့

ဒါ-ကံက ဝေဖန်လို့ မရသေးလို့ . . . (မှန်ပါ့)၊ အဲဒီမှာ မချုပ်နိုင်ပဲ ဖြစ်နေတာ . . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

ဝေဖန်လို့ရတဲ့ တစ်နေ့ကျပြန်တော့လဲ သွားတာပဲ၊ သုဂတိ သွားမှာဖြင့် သုဂတိ, ဒုဂ္ဂတိ သွားမှာဖြင့် . . . (ဒုဂ္ဂတိပါ ဘုရား)၊ အပါယ်သွားမှာဖြင့် . . . (အပါယ်ပါဘုရား)။

အဲဒီသွားတာပါပဲတဲ့၊ ဝေဖန်လို့မရလို့ ကြာတာ၊ ဘယ်သူမှ မလာသေးလို့ စောင့်တယ်လို့ ခင်ဗျားတို့က ယူလိုက်တဲ့ အတွက် ခက်တယ် . . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါ ပြီဘုရား)။

ကံကဝေဖန်လို့ မရသေးလို့ ကြာနေတာ၊ ခင်ဗျားတို့က မြေးလေးစောင့်သလိုလို၊ သမီးလေးစောင့်သလိုလို . . . (မှန်ပါ့)၊ ဘေးကလူတွေက ပြောနေတာ . . . (မှန်ပါ့)။

အဲပြောလို့ ရောက်လည်းရောက်လာရော၊ နားနားကပ်ပြီးလည်း အော်ပါရော၊ သွားရော ဒီလူမမာ အပါယ်ပဲ . . . (မှန်ပါ့ဘုရား)။

တကယ်လို့သာ ကြားသွားရင်လေ . . . (မှန်ပါ့)၊ ကြားသွားလို့ ကုက္ကုစ္စ ဝင်လာမယ်ဆိုရင် မသွားပါနဲ့ဆိုလို့ ရသေးရဲ့လား . . . (မရပါဘူးဘုရား)။

အဲဒါ ဒကာကြွယ်၊ ဒကာသစ်၊ ဦးလှဘူး အခုအချိန်က စပြီး ဒီကာကွယ်ရေးကို လုပ်ထားရမယ် . . . (မှန်ပါ့)။

## မှာတန်တာမှာထားပါ

ဘယ်လိုလုပ်ရမတုံး . . . (ကာကွယ်ရေး လုပ်ထားရပါမယ်ဘုရား)၊ မှာတန်တာ မှာ, ပြောတန်တာ ပြောပေါ့ဗျာ . . . (မှန်ပါ့)။

သူတို့ နိမိတ်မရှိဘူးလို့ ပြောချင်လဲ ပြောလိမ့်မယ်နော်၊ အို-နိမိတ်မရှိနေ၊ ဒီနိမိတ်နဲ့ သွားရမှာလို့ ပြောသာပြော . . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

နိမိတ်မရှိဘူးလို့ သူတို့က ပြောပေမယ့် သွားရမှာက သေချာတယ်လို့ ကိုယ်က ရဲရဲပြောပါ . . . (မှန်ပါ့)၊ ဒကာကြွယ်

နှုတ်ဆွံ့နေအုံးမှာလား . . . (မဆွံ့ပါဘူးဘုရား)၊ ဒကာသစ် ကော (မဆွံ့ပါဘူးဘုရား)။

သူတို့နိမိတ်က မရှိပါဘူးဆိုပြီး မျက်ရည်လေး သုတ်ခါ သုတ်ခါနဲ့ ဒီလိုများ ပြောလိုက်တဲ့အခါကျလို့ရှိရင်၊ ခင်ဗျားတို့ ရောပြီး သကာလ မှိုင်တွေချပြီး မနေနဲ့အုံး၊ ဒီလမ်းနဲ့ ဒီစခန်း ဘယ်သူမှ လွတ်မှာမဟုတ်ဘူး . . . (မှန်ပါ့)၊ သဘော ပါ ပလား . . . (ပါ-ပါပြီဘုရား)။

## ငိုချင်ခွာငိုရှုပြီး သေပွဲဝင်မယ်

အဲဒီတော့ ပြောစရာရှိတာ ပြော၊ မှာစရာရှိတာမှာ၊ စကားကုန်ပြော၊ ငါမအိပ်သေးဘူး၊ ဘယ်သူမှ မျက်ရည်ကျ စရာလည်း မလိုဘူး၊ အမှန်ချည်းပဲ ဒီလမ်းဟာ ဒီလမ်း ငါသေလို့ရှိရင် ဘာမှမရှုပ်နဲ့ဟေ့၊ ငိုခွာ ငိုရှုပြီး သေပွဲ ဝင်မယ်ဟေ့ . . . (မှန်ပါ့)၊ ဟုတ်လား . . . (ဟုတ်ပါတယ် ဘုရား)။

ဒီဟာဟာ အကောင်းဆုံးမဟုတ်လား . . . (မှန်ပါ့)၊ အဲ မင်းတို့ ဘယ်ကလာလို့ ဘာတွေညာတွေ ငိုလာပြော မနေနဲ့၊ မျက်နှာတောင် လာမပြနဲ့ ဟိုနှယ်-ဒီနှယ် မလုပ်နဲ့ . . . (မှန်ပါ့)။ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဟိုနေ့ဒီနေ့ လုပ်မနေနဲ့ . . . (မှန်ပါ့) လုပ်နေရင် သူတို့ အာရုံတွေက ငြိချင်ငြိနေအုံးမှာကိုး . . . (မှန်ပါ့) ငြိရင်

ကုဏ္ဍစ္စက မလာပေဘူးလား . . . (လာမှာပါဘုရား) လာရင် တွန်းချမှာပဲ . . . (မှန်ပ့ါ)။

## ကုဏ္ဍလကေသီ

သနားသလိုလိုနဲ့ တွန်းချလိုက်တာ . . . (မှန်ပ့ါ) ဟိုဘိက္ခုနီမဖြစ်တဲ့ ဟိုဒကာမ 'ကုဏ္ဍလ ကေသီ' လိုပဲ၊ သူ့ ယောက်ျားက တောင်ပေါ် ခေါ်သွားပြီးသကာလ သူ့ ယောက်ျားက "မင်းတောင်ပေါ် ခေါ်လာတာ တခြားကြောင့် မဟုတ်ဘူး။ လက်ဝတ်လက်စားတွေ ယူပြီးသကာလ သတ်မလို့ ခေါ်လာတာ" လို့ ပြောတာပေ့ါဗျာ၊ အဲဒီမှာ ဘိက္ခုနီမ ဖြစ်မယ့် ဉာဏ်ရှိတဲ့ ဒကာမက "မောင်ရယ် ဒီလက်ဝတ်လက်စားတွေက မောင်ပိုင်တာပဲ ရလဲရမှာပါ၊ သို့သော်လဲ ကျွန်မတော့ နောက်ဆုံးတောင်အောက်မှာ သေရမှာပဲ၊ သတ်မယ်လို့ ခေါ်လာ တာကိုး။

## သုံးပတ်လှည့်ပြီး ကန်တော့ပါရစေ

သို့သော်လဲ လင်ယောက်ျားကို သုံးပတ်လှည့်ပြီး ကန်တော့ပါရစေအုံး လာသေးတာဗျာ့၊ အဲဒီတင် ခါးတောင်း ကျိုက်ဖြုတ်ပြီးသကာလ သူက တောင်ပေါ်က တွန်းချလိုက်၊ ယောက်ျားကို တွန်ချလိုက်တာ သေပါရောဗျာ့ . . . (မှန်ပ့ါ) ရိပ်မိရဲ့လား . . . (ရိပ်မိပါတယ်ဘုရား)။

အဲ့ဒီလို ခင်ဗျားတို့ကို အဲ့ဒီအချိန်မှာ တွန်းချမှာ စိုးရသေးတယ်၊ မိန်းမတွေက . . . (မှန်ပါ) ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

အဲ့ဒါကြောင့် ကုက္ကုစ္စဆိုတာ လာစရာလဲ နဂိုက ရှိရတဲ့အထဲ သူတို့က ဝင်ရှုပ်အုံးမယ်ဆိုတော့ ကုက္ကုစ္စ မှိုပေါက် နေတယ်ဗျာ့ . . . (မှန်ပါ)။

## ဝိပဿနာမူရင်းပြန်ရှ

မှိုပေါက်လို့ရှိရင်ဖြင့် သေချင်းဆိုး မဖြစ်ပေဘူးလား (ဖြစ်ပါတယ်ဘုရား) အဲ သေချင်းဆိုး ကြောက်လို့ရှိရင် ကုက္ကုစ္စ ဝေးဝေးရှောင်ပါဆိုတာ သတိပေးလိုက်တယ် . . . (မှန်ပါ) ရှောင်ဆိုတာ ဖြစ်ပျက်ရှုပြီးတော့ ဝိပဿနာမူရင်း ပြန်ရှုဗျာ့ . . . (မှန်ပါ)။

အဲဒီလိုရှု သေခြင်းဟာ ဖဂ္ဂုနအကောင်းဆုံးပဲလို့ ဘုရားက မဟောဘူးလား . . . (ဟောပါတယ်ဘုရား) ကဲ ပေါ်ကြပလား . . . (ပေါ်ပါတယ်ဘုရား) အဲ ဝိစိကိစ္ဆာတစ်လုံး ကျန်တယ် ။

နက်ဖြန်မှ ဆက်ဟောကြစို့၊

သာဓု . . . သာဓု . . . သာဓု၊